
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ကွန်ဒိုမှာ ခြောက်ပါတဲ့သခင်

## မဒိုတာ

www.burmeseclassic.com

www.burmeseclassic.com

# မအိုစာ

## ကွန်ဒိုမှာခြောက်တဲ့သရဲ

ထုတ်ဝေသူ – ဦးကျော်ဆန်း (ရဲဘော်ကျော်ဆန်း)
(မြဲ–၀၉၃၂) ရဲအောင်စာပေတိုက်
အမှတ် (၂)၊ ချွန်းလမ်း (၁)၊
မင်္ဂလာတောင်ညွန့်မြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ – ဦးအေးမျိုးဦး (အောင်မြင့်မိုရ်ပုံနှိပ်တိုက်)
(၁၂၉၉)၊ အောင်သုခ ၂၇–လမ်း၊
၆–ရပ်ကွက်၊ သာကေတ၊ ရန်ကုန်မြို့။

ထုတ်ဝေခြင်း – ပထမအကြိမ်
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀ ကျပ်

ဖြန့်ချိရေး – ရွှေမင်းသမီးစာပေ၊
ဖုန်း – ၀၉၄၃၀၃၃၁၅၂၊ ၀၁–၄၀၀၆၇၄

၈၉၅–၈၃
မအိုစာ
ကွန်ဒိုမှာခြောက်တဲ့သရဲ/မအိုစာ–ရန်ကုန် ။
ရဲအောင်စာပေ၊ ၂၀၁၄
၁၇၆ စာ၊ ၁၃.၂၁ × ၂၀.၈၃ စင်တီ၊
(၁) ကွန်ဒိုမှာခြောက်တဲ့သရဲ

www.burmeseclassic.com

www.burmeseclassic.com

## ထွက်ရှိပြီးစာအုပ်များ

၁။ ခေါ်စာပစ်တဲ့ည
၂။ မလှစုန်းယိုး
၃။ အရှင်လတ်လတ်
၄။ ကနားစီးဒေဝါ
၅။ ခေါင်းတလားရာဇာ
၆။ နတ်ကဝေမယ်
၇။ ပျဉ်ထောင်ကတော်နတ်
၈။ ပုဏ္ဏားပျံ့စံအိမ်
၉။ ခုတင်နံ့ပါတ် ၃၁
၁၀။ ဘုံစာကျွေးတဲ့နေ့
၁၁။ နတ်ကျားဝိညာဉ်
၁၂။ မာတင်္ဂ
၁၃။ ဘီလူးနက္ခတ်
၁၄။ မိုးကြိုးအလောင်း
၁၅။ နှစ်ဘဝရွှေသိုက်
၁၆။ မိုးနတ်ဒေဝီ
၁၇။ ကျိန်
၁၈။ မရဏစာရှက်
၁၉။ မိစ္ဆာအိုး
၂၀။ လေးကျွန်းမှော်
၂၁။ ရဲမက်တစ္ဆေ

www.burmeseclassic.com

www.burmeseclassic.com

၂၂။ ရွှေတောင်ရွာသူ မချမ်းသာ
၂၃။ ပတ္တမြားဝိညာဉ်
၂၄။ မိမိလေး
၂၅။ နှစ်တစ်ရာဂူသချိုင်း
၂၆။ နတ်ကိုးကြိမ်
၂၇။ ဝိညာဉ်မှတ်တမ်း
၂၈။ ရွှေမျက်နှာရှင်သခင်မ
၂၉။ အလောင်းကောင်
၃၀။ မီးစုန်း
၃၁။ အဆောင် ၈
၃၂။ ကျမ်းစူး
၃၃။ ဟိုင်းဝေးတစ္ဆေ
၃၄။ သွေးစုပ်သူယောင်မယ်
၃၅။ အမေကိုစားတဲ့သမီး
၃၆။ အောက်လမ်း (ပထမပိုင်း)
၃၇။ အောက်လမ်း (ဇာတ်သိမ်း)
၃၈။ စုန်းတောက်တဲ့ ...ည
၃၉။ ချစ်တီးတိုက်
၄၀။ သင်္ချိုင်းကုန်းက ...ဟိုတယ်ကြီး

ယခု

တွန်ဒိုမှာခြောက်တဲ့သရဲ

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

**နေမွန်တစ်ယောက်** ခရီးဆောင်အိတ်ကိုချရင်း အခန်း၀မှာ ချိတ်ထားတဲ့ ဆိုင်းဘုတ်ကို လှမ်းဖတ်လိုက်တယ်။

'ဒေါ်တင်ကြီး အထွေထွေအကျိုးဆောင်လုပ်ငန်း'

နေမွန်က သေချာပြီဆိုမှ အခန်းထဲ ၀င်လိုက်တယ်။



စားပွဲအသီးသီးမှာ ဖုန်းကိုယ်ဆီနဲ့ အလုပ်ရှုပ်နေတဲ့ မိန်းကလေးတွေ။

"ဒီမယ် ခင်ဗျ ... ဒေါ်တင်ကြီးနဲ့

တွေ့ချင်လို့ပါ"

သူ့အမေးကို မိန်းကလေးတွေက သတိမပြုမိကြဘူး။

နေမွန်က ဆိုဖာမှာ ၀င်ထိုင်ရင်း စောင့်စားဖို့ ကြံလိုက်တယ်။

အစွန်ဆုံးစားပွဲက မိန်းမပျိုက သူ့ကို သတိပြုမိသွားတယ်။

သူရှိရာ လျှောက်လာရင်း ...

"ဘာများ အကူအညီပေးရမလဲရှင့်"

ချိုသာလွန်းတဲ့အသံကြောင့် နေမွန်က မော့ကြည့်လိုက်မိတယ်။

တောက်ပရွှန်းစိုတဲ့မျက်လုံးတွေနဲ့ သူ့ကို စူးစိုက်ကြည့်ရင်း ပြုံးကြည့်နေတဲ့ ချစ်စဖွယ်မျက်နှာလေး။

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ကျွန်တော် အန်တီ့ကို ဖုန်းဆက်ပြီး

အခန်းကိစ္စ ပြောထားလို့ပါ ...

အန်တီရောဗျ"

"ဟုတ်ကဲ့ ... ရှိပါတယ်ရှင့်၊

ခဏလေးပါနော်၊ ခေါ်ပေးပါ့မယ်ရှင့်"

မိန်းမပျိုက ထိုသို့ဆိုပြီး အခန်းထဲဝင်သွားတယ်။

လှပကျော့ရှင်းတဲ့ သူမရဲ့ကျောပြင်ကို ငေးကြည့်မိပြီး

ရင်ဖိုသလိုကြီး ခံစားလိုက်ရတယ်။

ငါးမိနစ်အတွင်းမှာပဲ မိန်းမဝကြီးတစ်ဦး သူမနဲ့အတူ

ထွက်လာတယ်။

"မောင်ရင်က မောင်နေမွန်ထင်ပါရဲ့"

"ဟုတ်ပါတယ်ခင်ဗျ၊ ကျွန်တော်က ...

ငွေသွန်းဆက်ကွန်ဒိုမှာ အခန်းငှားဖို့

ပြောထားသူပါ"

နေမွန်ရဲ့အပြောကြောင့် လှပတဲ့မိန်းမပျိုဟာ မျက်လုံး



လေးတွေ ဝိုင်းစက်ပြီး အံ့အားသင့်သွားရတယ်။

မိန်းမဝကြီးက သူမရဲ့ပုံကိုကြည့်ရင်း အလျင်စလိုပဲ။

"ကဲ ... မောင်နေမွန် ...

တခြားဧည့်သည်တွေဆိုရင်တော့

အန်တီ့ရဲ့ဝန်ထမ်းတွေပဲ အခန်းပြလေ့ရှိတယ်၊

ဒါပေမဲ့ ... မောင်နေမွန်က ပြင်ဦးလွင်က

တကူးတကလာတဲ့ ဧည့်သည်ဖြစ်နေတော့

အန်တီကိုယ်တိုင်ပဲ အခန်းပြပေးပါ့မယ်၊

လာ ... လာ ... အန်တီ့ကားနဲ့ပဲ

လိုက်ပြပေးမယ်ကွယ်"

ဒေါ်တင်ကြီးရဲ့စကားကြောင့် မိန်းမလှလေးရဲ့မျက်နှာ

မှာ ပိုမိုအံ့သြဟန်တွေ အထင်းသားပေါ်သွားတယ်။

နေမွန်ကလည်း ကားသော့ကိုင်ပြီး ရှေ့က ထွက်သွားတဲ့

ဒေါ်တင်ကြီးကြောင့် သူမကို တစ်ချက်မျှ လှမ်းကြည့်ရင်း

နောက်က လိုက်သွားမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်မှန်း မသိဘူး။

နေမွန့်ရင်ထဲ ကောင်မလေး တစ်ခုခုဖြစ်နေသလိုကြီး ခံစားနေရတယ်။

ဒါပေမဲ့ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စမို့ တိုက်ခန်းအပြင်ကို လိုက်ထွက်လိုက်မိတယ်။

ဒေါ်တင်ကြီးက ဟွန်ဒါဖစ်ကားကို မောင်းပြီး ငွေသွန်း ဆက်ကွန်ဒိုကို ခေါ်သွားတယ်။

ဟိုရောက်တော့ ပါကင်မှာ ကားရပ်ရင်း အောက်ဆင်း လိုက်ကြတယ်။

"ဒါက ... ငွေသွန်းဆက်ကွန်ဒိုပဲကွဲ့၊

ဒီကွန်ဒိုမှာ အထပ်ရှစ်ထပ်ရှိတယ်၊

မောင်နေမွန်နေရမယ့်အခန်းက

ငါးလွှာမှာရှိတယ်၊ အန်တီတို့

ဓာတ်လှေကားကနေ တက်ကြရအောင်"

ဒေါ်တင်ကြီးက ရှေ့က ဦးဆောင်ပြီး ခေါ်သွားတယ်။



ဓာတ်လှေကားမှာ လူရှင်းနေတဲ့အတွက် ငါးလွှာကို ခဏချင်း ရောက်သွားတယ်။

ကွန်ဒိုရဲ့ပုံစံက ရှစ်လွှာသာဆိုတယ် ...

အခန်းပေါင်း အားလုံး ဆယ့်ခြောက်ခန်းပဲ ရှိတယ်။

ကွန်ဒိုအငယ်စားလေးလို့ ပြောရင်လည်း ရတယ်။

မျက်နှာချင်းဆိုင်အခန်းနှစ်ခန်း။

အလယ်မှာ ဓာတ်လှေကားပေါက်ရှိသလို ရိုးရိုးလှေကား လည်း ရှိတယ်။

ဒေါ်တင်ကြီးက ငါးလွှာရဲ့ညာဘက်ခန်းကို သော့ဖွင့် လိုက်တယ်။

အခန်းတံခါးပွင့်သွားတာနဲ့ နှာခေါင်းထဲဝင်လာတဲ့ အနံ့ ကြောင့် နေမွန် နှာခေါင်းရှုံ့လိုက်မိတယ်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

ဒါကို သတိပြုမိသွားတဲ့ ခေါ်တင်ကြီးက ...

"အခန်းက ဖက်ဆလတီအားလုံးအပြည့်ရှိတယ်၊

ဒါပေမဲ့ ... လူမနေတာ ကြာမြင့်တဲ့အတွက်

အနံ့သက်တော့ သိပ်မကောင်းချင်ဘူးကွဲ၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဟာကိုယ် သန့်ရှင်းရေးလုပ်ပေါ့ကွယ်"

လို့ ပြောဆိုရင်း အခန်းတွေကို လိုက်ပြတယ်။

မိသားစုအိပ်ခန်းနဲ့ ရိုးရိုးခန်းတစ်ခန်း။

တစ်အိမ်လုံးမှာ အိမ်သာက နှစ်လုံးရှိတယ်။

အခန်းရဲ့အကျယ်ကတော့ အလျား၊ အနံ၊ အစိတ်ဆီ လောက် ရှိတယ်။

"အခန်းကိုတော့ ကြိုက်ပါတယ် အန်တီ၊

အန်တီ ဖုန်းထဲက ပြောတဲ့အတိုင်း

ဈေးလေး ညှိပေးပါဦး၊

ကျွန်တော်တို့က ယောက်ျားလေးသူငယ်ချင်း

နှစ်ဦးပဲ နေမှာပါဗျ၊

တစ်သိန်းလောက် လျှော့ပေးစေချင်တယ် ခင်ဗျ"

သူ့အပြောကြောင့် ဒေါ်တင်ကြီးရဲ့မျက်နှာမှာ စိတ်လှုပ် ရှားသွားတယ်။

ပြီးမှ ပြုံးပြရင်း ...



"အိုကေလေ ... အန်တီ အိမ်ရှင်ကို

ဖုန်းနဲ့ မေးပေးမယ်၊

တစ်ခါတည်း ငွေချေမှာ မဟုတ်လားကွဲ့"

လို့ မေးမြန်းတယ်။

"ဟုတ်ကဲ့ပါ၊ ကျွန်တော်တို့ နိုင်တဲ့ဈေးဆို

ငွေအကြေချေမှာပါ ခင်ဗျ"

ဒေါ်တင်ကြီးက အကျိုးဆောင်ပီပီ ဖုန်းနှိပ်တယ်။

တစ်ဖက်နဲ့ ဘာတွေပြောမှန်း မသိရပေမယ့် ဟုတ်ကဲ့သ ပဲ ကြားနေရတယ်။

ပြီးတဲ့အခါ ...

"မောင်နေမွန်ရေ ... မောင်ရင်ရဲ့ကံကြမ္မာပါပဲ၊

အိမ်ရှင်က သိပ်ချမ်းသာတော့

အခန်းငှားတဲ့လူ အဆင်ပြေအောင်

လုပ်ပေးလိုက်ပါလို့ပဲ ပြောနေတယ်၊

ဒီတော့ ... ဒီအခန်းကို တစ်လ လေးသိန်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



ခြောက်လ ချုပ်ကြတာပေါ့ ...

ဟင်း ... ဟင်း ... ဟင်း၊

သိပ်ကံကောင်းနေတယ်နော်၊

ထီလေး ဘာလေး ထိုးဦးကွဲ့."

အကျိုးဆောင်မိန်းမကြီးရဲ့အဖြေကြားရမှ သူ့ရင်ထဲက အလုံးကြီး ကျသွားတယ်။

အမိက ရန်ကုန်မြို့မှာ နေစရာတစ်ခု အမြန်ရပြီး ဖုန်း ပြင်သင်တန်းကို အမြန်တက်နိုင်မှ ...။

ဒါမှ ... ပြင်ဦးလွင်ပြန်ပြီး ဖုန်းဟမ်းဆက်ပြင်တဲ့ဆိုင် အမြန်ဖွင့်နိုင်မှာလေ။

ဒေါ်တင်ကြီးက အသင့်ပါတဲ့စာချုပ်မှာ ရေးဖြည့်ပြီး သူ့ကို လက်မှတ်ထိုးခိုင်းတယ်။

သူလည်း အိမ်ရှင် အိမ်ငှားစာချုပ်ကို သေချာဖတ်ရင်း လက်မှတ်ထိုး ငွေချေပေးလိုက်တယ်။

ဒေါ်တင်ကြီးက ငွေတွေကို ရေတွက်ပြီး ကျေနပ်ဟန်နဲ့



"ကဲ မောင်နေမွန်ရေ ... ဒီအခန်းမှာ

စိတ်အေးလက်အေးသာ အနားယူပေတော့၊

ညှော့ခန်းထဲက မီးခလုတ်တွေရဲ့ဘေးမှာ

ပင်မင်းဆိုင်ဖုန်းတွေ၊ စားသောက်ဆိုင်ဖုန်းတွေ၊

လိုအပ်သမျှ နံပါတ်တွေအားလုံး

ကြော်ငြာကပ်ထားတယ်ကွဲ့၊

လိုအပ်တာရှိရင် ဖုန်းလေးပဲ ဆက်လိုက်၊

အားလုံး အဆင်ပြေမယ်ကွဲ့၊

အန်တီသွားမယ်နော်၊

ကံကောင်းပါစေကွယ်"

ဒေါ်တင်ကြီးရဲ့နောက်ဆုံးစကားက နေမွန့်ရင်ထဲ တစ် မျိုးကြီး ဖြစ်သွားမိတယ်။

သူမက သွက်လက်စွာပဲ အခန်းသော့အပ်ပြီး ပြန်သွား တယ်။

"အေးပေါ့လေ ... ရန်ကုန်မြို့ရဲ့ကွန်ဒိုခန်းပဲ၊

www.burmeseclassic.com

www.burmeseclassic.com



အသုံးအဆောင်အားလုံးလည်း ပြည့်စုံနေတယ်၊
တစ်လ လေးသိန်းပေးရတာ တန်ပါတယ်၊
ရေမိုးချိုးပြီး အေးအေးနားပစ်လိုက်မယ် ...
ဟူး”

နေမွန်က ထိုသို့တွေးရင်း ရေချိုးခန်းထဲ ဝင်လိုက်တယ်။

ရေပန်းကို ဖွင့်လိုက်တဲ့အခါ သူ့မျက်နှာ ရှုံ့မဲ့သွားတယ်။

“ဟာ ... ရေကလည်း သံချေးနံ့
နံလိုက်တာကွာ၊
ဘယ်လောက်တောင် အသုံးမပြုဘဲ
ပစ်ထားလည်းမသိဘူး၊
စိတ်ပျက်စရာပဲ၊ ဒီရေမှ မချိုးလည်း
ချိုးစရာ ရေမရှိဘူး၊
ကျိတ်မှိတ်ပြီး ချိုးရမှာပဲ၊
ချိုးမယ်ကွာ”



နေမွန်ဟာ မကျေမနပ် ရေရွတ်ရင်း ရေပန်းကရေကို ချိုးလိုက်ရတယ်။

ရေချိုးပြီး ပြန်ထွက်စဉ်မှာတော့ ...

တင်းတောင် ... တင်းတောင် ...

တင်းတောင် ... တင်းတောင်

အဆက်မပြတ်မြည်နေတဲ့ လူခေါ်ဘဲလ်ကြောင့် သူဟာ ပုဆိုးကို အလျင်အမြန် ကောက်ဝတ်ရင်း ထွက်ခဲ့မိတယ်။

တံခါးရဲ့မှန်ဘီလူးပေါက်က လှမ်းကြည့်မိပေမယ့် ဘယ်သူမှ မတွေ့ရဘူး။

ဒါ့ကြောင့် ကျွန်းတံခါးကို ဆွဲဖွင့်ပြီး ကြည့်လိုက်တယ်။

“ဘာလဲကွာ ... ငါက စိုးအောင် ရောက်လာတယ်
ထင်တာ၊ ဘယ်သူမှလည်း မရှိဘူး၊
ဘယ်ကလေးများ လက်သရမ်းသွားတာလဲကွ”

နေမွန်က မကျေမနပ် ရေရွတ်ရင်း တံခါးပြန်ပိတ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com


တံခါးပိတ်ဖို့ ပြင်လိုက်စဉ်မှာပဲ ၎င်းရဲ့အခန်းနဲ့ မျက်နှာချင်းဆိုင်အခန်းကို သတိပြုမိသွားတယ်။

"ဟင် ... ဒီအခန်းက လူမနေဘူးထင်ပါရဲ့၊

ဘာဂျာတံခါးမှာတောင် ပင့်ကူမျှင်တွေ

အများကြီးပဲ၊ ဒါဆို ...

ဒီအထပ်မှာ ငါ့တစ်ခန်းပဲ လူရှိမှာပေါ့၊

ညရေးညတာ အရေးကြောင်းဆို

ဘယ်သူမှ ကူညီတောင်းလို့မရနိုင်တော့ဘူး၊

ဒုက္ခပါပဲကွာ"

သူဟာ ထိုသို့ရေရွတ်ပြီး တံခါးကို ဆွဲပိတ်လိုက်တော့တယ်။

□□□

# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

နေမွန်တစ်ယောက် အသင့်ပါလာတဲ့ ခေါက်ဆွဲခြောက်ထုပ်ကို ရေနွေးမဖြောဘဲ ကောက်ဝါးစားလိုက်တယ်။

ခရီးပန်းလာတဲ့အတွက် ခေါက်ဆွဲခြောက်စားပြီး နှစ်ခြိုက်စွာ အိပ်မောကျသွားမိတယ်။



လူခေါ်ဘဲလ်ရဲ့တင်းတောင်သံကြားမှ အိပ်ရာထဲက လူးလဲထလိုက်မိတယ်။

တံခါးပေါက်မှန်ဘီလူးက ကြည့်လိုက်တော့ စိုးအောင်ကို မြင်ရတယ်။

ဒါ့ကြောင့် တံခါးကို ဖွင့်ပေးရင်း ...

"မင်းကွာ ... ငါ တစ်နေကုန်စောင့်နေတာကွ၊
ခုမှ ရောက်လာရသလား၊
ငါ မင်းကို ဘယ်လောက် စိတ်ပူနေသလဲကွ"
လို့ မာန်မဲလိုက်တယ်။

စိုးအောင်က အိမ်ထဲ ဝင်လိုက်ရင်း ...

"မင်းပြောလည်း ခံရမှာပဲ နေမွန်ရာ၊
ငါ အောင်လံကအလာ ငါစီးတဲ့ကား
လမ်းမှာပျက်လို့ကွ၊
ခုတောင် ကားကြုံနဲ့ ပြန်လာခဲ့ရတာကွ"
လို့ ပြောလိုက်တဲ့အတွက် နေမွန်က ဆိုဖာမှာ ထိုင်ရင်း

www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ ... ဒါဆိုလည်း ပြီးရော၊
ငါ နေ့လယ်က အိမ်ငှားခကို ငွေချေလိုက်ပြီနော်၊
မင်း ငါ့ကို တစ်ဝက်ရှင်းပေးဦးကွ၊
ငါ သင်တန်းတက်ဖို့ ရှိသေးတယ်၊
ငါတို့ ကံကောင်းတယ်ကွ၊
ဒီအခန်းက ... ငါတို့ နိုင်နင်းတဲ့ငွေအတိုင်း
လေးသိန်းနဲ့ ရလိုက်တာကွ"
"ဟေ ... ဟုတ်လား၊ အဲဒါ ...
မင်း တော်လို့ပေါ့ကွာ၊
အေးပါကွာ ... ပြီးရင် ...
ကျသင့်ငွေရဲ့တစ်ဝက်ကို ရှင်းပေးပါ့မယ်၊
ခုတော့ ... နားပါရစေဦးကွ၊
သိပ်ပင်ပန်းနေလို့ကွ"
"အေး ... အေး ... သွားနားတော့၊
ငါ အပြင်ခဏသွားပြီး စားစရာဝယ်ဦးမယ်"



နေမွန်က ထိုသို့ပြောရင်း အပြင်ထွက်ခဲ့တယ်။

အိမ်သော့ကို ဘောင်းဘီအိတ်ထဲ ထည့်ရင်း ဓာတ်လှေကားကနေ ဆင်းခဲ့လိုက်တယ်။

သုံးတိုက်ကျော်ရှိ စားသောက်ဆိုင်မှာ ခေါက်ဆွဲကြော်နဲ့ ဘီယာမှာရင်း ထိုင်စောင့်နေရတယ်။

ဆယ့်ငါးမိနစ်လောက် စောင့်ပြီးမှ စားစရာတွေရတယ်။

နေမွန်က ရေသန့်သုံးဘူးပါ ထပ်ဝယ်ပြီး ငွေသွန်းဆက်ကွန်ဒိုပေါ် ပြန်တက်ခဲ့တယ်။

ဓာတ်လှေကားရဲ့နံပါတ်ကို ငါးနှိပ်ထားပေမယ့် ငါးထပ်မှာ မရပ်ဘဲ အပေါ်ထိ ဆက်တက်သွားတယ်။

နေမွန်ဟာ အကြိမ်ကြိမ် နံပါတ်ငါးကို ပြန်နှိပ်လိုက်တယ်။

ခလုတ်က ကြောင်နေသလိုဖြစ်ပြီး ငါးကို လုံးဝနှိပ်မရဘူး။ ရှစ်ထပ်ရောက်မှ ဓာတ်လှေကားရပ်ပြီး တံခါးပွင့်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



နေမွန်လည်း မထူးဘူးတွေးရင်း လှေကားကနေ အောက်ပြန်ဆင်းခဲ့တယ်။

ငါးလွှာအရောက် သော့ဖွင့်ဖို့ ပြင်တော့ ...

"ဟင့် ... ဟင့် ... ဟင့် ...

ဟင့် ... ဟင့် ... ဟင့် ..."

ငိုရင်း ရှိုက်နေတဲ့ အသံကြီး။

အသံက မတိုးမကျယ်လေး ကြားနေရသလို မိန်းကလေးတစ်ယောက်ရဲ့ငိုသံလိုမျိုး။

နေမွန်ဟာ အသံကြောင့် သော့ဖွင့်နေရင်းက ခေါင်းနပန်းတွေ ကြီးသွားမိတယ်။

ရုတ်ချည်းဆိုသလို ငိုရှိုက်သံက တိတ်သွားတဲ့အတွက် အေးပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်လိုက်မိတယ်။

ငါးလွှာရဲ့လှေကားမှာ တစ်ယောက်တည်းရှိတယ်ဆိုတဲ့ အသိစိတ်ကြောင့် ဘာကြောင့်မှန်းမသိဘဲ ကြက်သီးအလိုလို ထ,သွားရတယ်။



ဒါ့ကြောင့် ... သော့ကို အမြန်ဖွင့်ရင်း အခန်းထဲဝင်လိုက်တယ်။

စိုးအောင်က ဆီးကြိုပြီး ...

"စားစရာဝယ်တာ ကြာလှချည်လားကွာ၊

ငါ ဗိုက်ဆာနေပါပြီကွ"

"ဆာရင်လည်း စားတော့ကွာ၊

ဘာပန်းကန်မှတော့ မရှိသေးဘူး၊

ဖော့ဘူးနဲ့ပဲ စားလိုက်၊

ငါ မင်းကို ပြောစရာရှိတယ်ကွ"

စိုးအောင်က ခေါက်ဆွဲကြော်ဘူးကို အလျင်အမြန်ဖွင့်ရင်း တူနဲ့ ထိုးကလော်စားလိုက်တယ်။

"ငါ အခု ... စားစရာဝယ်ပြီး

အခန်းရှေ့ရောက်တော့ မိန်းကလေးတစ်ယောက်

ငိုရှိုက်သံကြီး ကြားရတယ်ကွ၊

အဲဒါ ... မင်း ဘယ်လိုမြင်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



နေမွန်ရဲ့စကားကြောင့် စိုးအောင်က အစားအသောက်

မပျက်ဘဲ ...

"ဟာ ... မင်းကလဲကွာ၊

ဒီဟာက ... ကွန်ဒိုဆိုပေမယ့်

လှေကားလည်း ရှိတာပဲကွ၊

လှေကားရှိရင် ခွေးတက်နိုင်တာပဲကွ၊

မင်းကြားရတာ ခွေးညည်းသံပဲဖြစ်ရမယ်၊

စာချဲ့မနေနဲ့ ဟော့ကောင်ရ ... စားစမ်းပါကွာ၊

ပူတုန်းလေး ... လျှောက်မတွေးစမ်းပါနဲ့ကွ"

လို့ ပြောလာတဲ့အတွက် နေမွန်လည်း ဘာမှမပြောတော့

ဘဲ ခေါက်ဆွဲဘူး ဖွင့်စားလိုက်တယ်။

စားပြီးတဲ့အခါ ဘီယာဘူးကိုယ်စီဖွင့်ရင်း သောက်ကြ

ပြန်တယ်။

"အား ... စားလို့ရော၊ သောက်လို့ရော

ကောင်းလိုက်တာကွာ၊ အိပ်ကြမယ်ဟော့၊



ငါ ဘယ်အခန်းအိပ်ရမလဲကွ"

စိုးအောင်ရဲ့အမေးကို နေမွန်က ...

"ငါက ညဆို ဆီးခဏခဏ

သွားတတ်တာလေ၊ ဒါ့ကြောင့် ...

အိမ်သာရှိတဲ့ မိသားစုခန်းမှာ

ငါအိပ်မယ်၊

မင်း ... ဟိုအခန်းမှာ အိပ်ပေါ့ကွ"

ဘီယာရေဝင်ထားတဲ့ စိုးအောင်က သဘောကောင်းစွာနဲ့

ဝဲ ...

"ဟုတ်ပြီ ... ငါလက်ခံတယ်၊

အိပ်တော့မယ် သူငယ်ချင်း၊

ဂွတ်နိုက်"

ထို့နောက် သူငယ်ချင်းနှစ်ယောက် အသီးသီး အိပ်ရာ

ဝင်ခဲ့မိတယ်။

နေမွန်ဟာ အိပ်ရာထက် ဘယ်ညာလူးလိမ့်ရင်း အတန်

www.burmeseclassic.com

www.burmeseclassic.com



ကြာမှ အိပ်ပျော်သွားတယ်။

သန်းခေါင်ကျော်အချိန်လောက်မှာတော့ ...

ဒေါက် ... ဒေါက် ... ဒေါက် ...

ဒေါက် ... ဒေါက် ... ဒေါက် ...

ခပ်တိုးတိုးထွက်လာတဲ့ တံခါးခေါက်သံကြောင့် နေမွှန် နိုးသွားတယ်။

"အင် ... ဒါ ... အခန်းတံခါးခေါက်တဲ့အသံပဲ၊

ဒီအချိန်ကြီးကွာ ... ညော့်စာရင်းများလား၊

ညော့်စာရင်းဆို ပြဿနာပဲ၊

မတိုင်ရသေးဘူး ... ဟူး"

အိပ်ရာထက်က လူးလဲထ,ရင်း တံခါးဆီ လျှောက်သွားမိတယ်။

တံခါးဖွင့်ပြီး အပြင်ကို စူးစမ်းလိုက်တဲ့အခါ ...

ဟင့် ... ဟင့် ... ဟင့် ... ဟင့် ... ဟင့် ... ဟီး ... ဟီး

သဲ့သဲ့မျှ ကြားနေရတဲ့ ရှိုက်သံလို အသံကြီး။



နေမွှန်တစ်ယောက် ခေါင်းနပန်းကြီးရင်း အိမ်ထဲ ပြန်လျှောက်ခဲ့တယ်။

"ဟော့ကောင် စိုးအောင် ... ထ ... ထစမ်းပါကွ"

သူ့ရဲ့လှုပ်နှိုးမှုကြောင့် စိုးအောင် အင်းအဲ လုပ်ရင်း နိုးလာတယ်။

"ငါနဲ့ လိုက်ခဲ့ပါဦးကွ ... လာ ... လာ"

စိုးအောင်က အိပ်မှုန်စုံမွှားနဲ့ သူ့နောက်ပါလာတယ်။

သူက တံခါးကို ဆွဲဖွင့်ရင်း ...

"မင်း ... နားထောင်ကြည့်စမ်း၊

ရှိုက်ငိုသံကြီး ကြားရတယ်

မဟုတ်လားဟင်"

စိုးအောင်က မျက်လုံးပွတ်ပြီး ခေါင်းယမ်းတယ်။

"မင်းကွာ ... အရူးလိုပဲ၊

ဘာအသံမှ ငါ မကြားဘူး၊

အိပ်ချင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com


ပြန်အိပ်မယ် ... ဒါပဲကွာ"

နေမွန်တစ်ယောက် စိုးအောင် ထွက်သွားတဲ့အခါ ဓာတ်လှေကားနဲ့ လှေကားနေရာကို ဂရုပြုကြည့်မိတယ်။

ပတ်ဝန်းကျင်တစ်ခုလုံး ပကတိငြိမ်သက်လျက်။

ခုနက ကြားရတဲ့ ရှိုက်ငိုသံကြီးလည်း မကြားရဘူး။

ဒါ့ကြောင့် စိတ်မကြည်စွာပဲ တံခါးပြန်ပိတ်ပြီး အိပ်ခန်းထဲ လျှောက်ခဲ့တယ်။

ထိုည ... ငွေသွန်းဆက်ကွန်ဒိုကို စရောက်တဲ့ည။

နေမွန် လုံးဝအိပ်မပျော်ခဲ့ပေ။

□□□

# အပိုင်း (၄)

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ လက်ဖက်ရည်ဆိုင်မှာတော့ ...

"မဟုတ်သေးဘူး စိုးအောင်ရ၊

ငါက တစ်နေ့တည်း ...

နှစ်ကြိမ်လောက် ကြားရလို့ပါ၊



ဒီနေရာမှာ တစ်ခုခုများ ရှိနေမလားဘဲ"

"မင်းကွာ ... ခေတ်ပညာတတ်ဖြစ်ပြီး

လျှောက်တွေးနေတယ်၊ လုံးဝ မဖြစ်နိုင်ဘူးကွ၊

ပြီးတော့ ... ဒီကွန်ဒိုက ဆောက်ထားတာ

သိပ်မှမကြာသေးတာ၊

ရှေးဟောင်းတိုက်ပျက်လည်း မဟုတ်ပါဘူးကွ၊

ငါပြောတာယုံပါ၊ မင်း ကြားရတာဟာ ...

ခွေးညည်းသံပဲ ဖြစ်မယ်၊

လုံးဝ သေချာတယ် ... ငါ့ကောင်ရ"

စိုးအောင်ရဲ့အပြောကြောင့် သူ့ ခေါင်းညိတ်ရင်း ...

"မင်းပြောတာ ငါ လက်ခံပါတယ်၊

ဒါပေမဲ့ ... ငါ့စိတ်ထဲ တစ်မျိုးကြီးပဲကွာ၊

စိတ်ထဲ ထိုင်းမှိုင်းသလိုကြီး ခံစားနေရတယ်၊

ငါ ဘာလုပ်ရမှန်း မသိဘူး"

လို့ ပြောလိုက်တဲ့အခါ စိုးအောင်က ...

www.burmeseclassic.com

www.burmeseclassic.com



"မင်း မတွေးနဲ့ နေမွန်ရ၊
တွေးရမှာက မင်း သင်တန်းကိစ္စပဲ၊
ဘာတွေများ သင်တန်းအကြောင်း သိရပြီလဲ"

"ဘာမှမစုံစမ်းရသေးဘူးကွ၊
ဒီနေ့ နေ့လယ်မှ သွားစုံစမ်းမှာလေ၊
မင်း အားရင် လိုက်ခဲ့ပါလား စိုးအောင်ရ"

စိုးအောင်က ခေါင်းခါယမ်းလိုက်ရင်း ...

"ငါက နယ်ရုံးခွဲကနေ ရန်ကုန်ရုံးချုပ်ဆီ
ရောက်လာတဲ့ လူဆိုတော့ ...
ဘယ် ဒီနေ့ အလုပ်ပျက်လို့ ဖြစ်မလဲကွ၊
မင်းပဲ သွားလိုက်ပါ"

"အေးပါ ... ဒါဆို ညနေ မင်းစောစောပြန်ခဲ့၊
ငါတို့ ဘီယာဆိုင်ထိုင်ကြရအောင်"

"အိုကေ ... နေမွန် ... ဟဲ ... ဟဲ၊
ဘီယာဆိုင်ဆို စိုးအောင်တို့ နောက်မတွန့်ဘူး၊



ကဲ ... လစ်ပြီကွ"

စိုးအောင်က ထိုသို့ပြောရင်း ထွက်သွားတယ်။

နေမွန်လည်း ကျသင့်ငွေရှင်းပြီး လက်ဖက်ရည်ဆိုင်က ထ,ပြန်ခဲ့တယ်။

လမ်းခုလတ်တစ်နေရာရောက်တော့ ...

"အစ်ကို ... အစ်ကို ... ခဏနေပါဦးရှင့်"

နောက်က ကြားရတဲ့အသံကြောင့် သူ ခြေလှမ်းရပ်သွားတယ်။

နောက်လှည့်ကြည့်တော့ မြင်လိုက်ရတဲ့ မျက်နှာလေးတစ်ခုကြောင့် အံ့အားသင့်သွားတယ်။

"အစ်ကိုက ... ဟိုနေ့က တွေ့တဲ့လူ မဟုတ်လား၊
အကျိုးဆောင်ကို ရောက်လာတဲ့လူလေ"

"အင်း ... ဟုတ်ပါတယ်၊
ကို မင်းကို မနေ့က တွေ့ခဲ့တာပဲ၊
ဘာအကြောင်းရှိလို့လဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



“အစ်ကို ... အခု ငွေသွန်းဆက်ကွန်ဒိုမှာ
နေတာ မဟုတ်လား၊ အဆင်ပြေရဲ့လားဟင်”
မိန်းကလေးရဲ့စကားကြောင့် သူ အံ့အားသင့်သွားတယ်။
“ဟုတ်တယ်လေ၊ ကိုက အဲ့မှာနေနေတာ၊
ဘာဖြစ်လို့လဲဟင်၊ မင်းနာမည်ကရော”
“မှုံ့နာမည်က ရွှေကြာမှုံပါ အစ်ကို၊
အစ်ကို့ကို မှတ်မိနေလို့ပါ၊
အဆင်ပြေလား လှမ်းမေးမိတာပါ”
“အင်း ... အားလုံး အိုကေပါပဲ၊
ဘာဖြစ်လို့လဲ မှုံ့၊
ဪ ... မှုံ့လို့ပဲ ခေါ်မယ်နော်”
“ရပါတယ် အစ်ကို၊
အစ်ကို အဆင်ပြေရင် ပြီးတာပါပဲ၊
ဒါနဲ့ ... နောက်တစ်ခုများ
ထပ်ပြီး မေးလို့ရမလားရှင့်”



မေးခွန်းတွေချည်းမေးနေတဲ့ ရွှေကြာမှုံကြောင့် နေမွန်
ဂိုပြီး အံ့ဩသွားမိတယ်။
“တို့နာမည်က နေမွန်ပါ၊
မှုံ့ ဘာသိချင်လို့လဲဟင်၊
မေးလို့ရပါတယ်”
ရွှေကြာမှုံက သူ့ကို အားတုံ့အားနာကြည့်ရင်း ...
“ဘယ်အဆက်အသွယ်နဲ့များ ကျွန်မတို့ရဲ့
အကျိုးဆောင်ကို အစ်ကို ဆက်သွယ်လို့ရတာလဲရှင့်”
နေမွန်က ပြုံးလိုက်ပြီး ...
“ဘာများလဲလို့ မှုံ့ရယ်၊
မှုံ့တို့ အကျိုးဆောင်ပိုင်ရှင် ဒေါ်တင်ကြီးနဲ့
ကိုယ့်ဦးလေးက ကျောင်းနေဘက်
သူငယ်ချင်းတွေလေ၊ ဒါ့ကြောင့် ...
ဆက်သွယ်မိပြီး ရောက်လာတာပါ၊
ဘာဖြစ်လို့လဲ မှုံ့”

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် ရွှေကြာမှုံရဲ့မျက်နှာဟာ မသိမသာ ပျက်ယွင်းသွားရှာတယ်။

"အို ... ဘာမှတော့ မဟုတ်ပါဘူးရှင့်၊

မှုံက အစ်ကိုက ပြင်ဦးလွင်ကလို့

သိထားလို့ပါ၊ ဒါ့ကြောင့် ...

ဘယ်လိုများ မှုံတို့အကျိုးဆောင်ကို

ရောက်လာသလဲ သိချင်ရုံလေးပါရှင်၊

မှုံ သွားတော့မယ်နော်၊

နောက်ကျနေလို့လေ"

ရွှေကြာမှုံက ထိုသို့ဆိုပြီး အမြန်ထွက်သွားတယ်။

"ဘာတွေလဲ မှုံရယ်၊

မင်းပဲ မေးခွန်းထုတ်တယ်၊

ကို ပြန်ဖြေတော့လည်း အမြန်ကို

ထွက်သွားပါလား၊

ဘယ်လိုနားလည်ရမလဲကွာ"



နေမွန်တစ်ယောက် ထိုသို့ရေရွတ်မိပြီး ခေါင်းယမ်းလိုက်မိတယ်။

ရွှေကြာမှုံဆိုတာက မနေ့တည်းက ရင်ခုန်သံမြန်စေသူ တစ်ယောက်လေ။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

ဒုတိယမြောက်ည ...

**နေမွန်ရော** စိုးအောင်ပါ အခန်းအသီးသီးမှာ နှစ်ခြိုက်စွာ အိပ်ပျော်နေချိန် ...

"အစ်ကို ... အစ်ကို ... အစ်ကို ...

ထ,ပါဦး အစ်ကိုရယ် ... ကျွန်မကို ကယ်ပါဦး၊

www.burmeseclassic.com

www.burmeseclassic.com



အစ်ကို ... အစ်ကိုရေ ...

အစ်ကိုရေ ... အစ်ကို"

နားထဲတိုးဝင်လာတဲ့အသံကြောင့် နေမွန် လန့်နိုးသွားတယ်။

ကြည့်လိုက်တော့ သူ တစ်ခါမှ မမြင်ဖူးတဲ့ အနက်ရောင်ဝတ်စုံနဲ့ မိန်းကလေးတစ်ယောက်။

အခန်းဝကနေ သူ့ကို စိုက်ကြည့်နေတယ်။

"မင်း ... မင်း ... ဘယ်သူလဲ၊

ယောကျ်ားတွေပဲရှိတဲ့ အခန်းထဲ

မင်း ဘာလာလုပ်သလဲ၊

ထွက်သွားပါကွာ ...

သွား ... သွားစမ်း"

ကောင်မလေးက ဖိုးရိုးဖားရားကျနေတဲ့ ဆံပင်ရှည်ကြီးတွေကြားကနေ မျက်ရည်လည်ရွှဲ စေးစိုက်ကြည့်တယ်။

"မနှင်ပါနဲ့ အစ်ကိုရယ်၊



ကျွန်မကို ကူပါနော်၊

ကယ်ပါဦး အစ်ကိုရယ်၊

ဟင့် ... ဟင့် ... ဟင့် ...

ဟင့် ... ဟင့်"

ကောင်မလေးရဲ့ငိုရှိုက်သံကြောင့် သူဟာ အကြီးအကျယ် လန့်ဖျပ်သွားတယ်။

မနေ့တည်းက ကြားခဲ့ရတဲ့ ငိုရှိုက်သံ ...

ဒါကို သတိရမိတာနဲ့ တစ်ပြိုင်နက် နေမွန်တစ်ယောက် သွေးရူးသွေးတန်း ဖြစ်သွားရတယ်။

"မင်း ... မင်းဟာ မကောင်းဆိုးဝါးပဲ၊

သွား ... သွား ... သွား ...

ထွက်သွားစမ်း ... သွား"

နေမွန်ရဲ့အသံကုန် အော်ဟစ်သံကြောင့် စာဖတ်ခန်းက စိုးအောင် နိုးသွားတယ်။

"ဟေ့ကောင် ... နေမွန်၊ နေမွန်၊

www.burmeseclassic.com

www.burmeseclassic.com



မင်း ဘာဖြစ်တာလဲ၊

ထစမ်း ... ထစမ်း”

စိုးအောင်က နေမွန်ရဲ့ပခုံးကို ဆတ်ခနဲပုတ်ရင်း မေးလိုက်တယ်။

“အင် ... အား ... နာလိုက်တာ

ပခုံးက၊ ငါ့ကို ဘာလို့ရိုက်တာလဲကွ ...

တောက်”

“ဟ ... မင်း လူကြားမကောင်းအောင်

အော်နေတာကိုးကွ၊ အဲဒါ မင်းသိလားကွ”

၎င်းရဲ့အပြောကြောင့် နေမွန်ဟာ ဇဝေဇဝါဖြစ်သွားတယ်။

“နေဦး ... ငါ ... ငါ ... ခုနက

အိပ်မက်လို့, တကယ်လို ကြုံလိုက်ရတယ်

စိုးအောင်၊ ငါ ... ငါ့ဆီကို ငိုယိုနေတဲ့

ကောင်မလေးတစ်ယောက် ရောက်လာတယ်ကွ၊



အနက်ရောင်ဝတ်စုံနဲ့၊

ငါ့လည်း လန့်ပြီး သူ့ကို

နှင်ထုတ်လိုက်တယ်ကွာ”

စိုးအောင်က သူ့အပြောကြောင့် ကျွတ်စုပ်သပ်လိုက်ရင်း ...

“ကျွတ် ... မင်းကွာ ...

အဲဒါ မနေ့တည်းက ... မင်းကြားရတဲ့

ငိုရှိုက်သံလို အသံမဟုတ်လား၊

အစွဲဆိုတာ မထားသင့်ဘူးကွ၊

မင်းထင်သလို မဟုတ်တာ၊

ငါ သေချာရှင်းပြပြီးပြီပဲကွာ၊

ဘာလို့ အိပ်မက်ထဲထိ

ပါသွားရတာလဲကွ၊ စိတ်ကစွဲလို့

အိပ်မက် မက်နေတာပါ၊

ကဲ ... ပြန်အိပ်တော့၊ ကဲပါကွာ ...

www.burmeseclassic.com

www.burmeseclassic.com



မင်းတစ်ယောက်တည်း မဖြစ်ပါဘူး၊

ငါ သောမှာ အိပ်ပေးမယ်၊

အိပ်တော့ နေမွန်ရာ”

“မဖြစ်နိုင်ဘူး စိုးအောင်၊

ငါ ဘာမှစိတ်မစွဲဘူးကွ၊

ငါ တကယ့်ကို တွေ့ခဲ့ရတာ၊

ရုပ်ရည်လည်း သိပ်လှသလောက်

ငိုနေလိုက်တဲ့ ကောင်မလေးကွာ၊

ငါ သူ့မျက်နှာကို လုံးဝမမေ့ဘူး၊

မင်းမှားနေတာ စိုးအောင်ရ”

စိုးအောင်က နေမွန်ရဲ့စကားကြောင့် သက်ပြင်းချလိုက်တယ်။

“သူငယ်ချင်းရေ ... ငါလည်း မနက်

ရုံးသွားရမှာကွ၊ အရာအားလုံးကို

မေ့လိုက်ပြီး အိပ်ပါကွာ၊



ဝါး ... ငါလည်း အိပ်ချင်ပြီကွ”

စိုးအောင်က နေမွန့်သော ဝင်အိပ်ရင်း ခဏချင်းဆိုသလို အိပ်ပျော်သွားတယ်။

နေမွန်လည်း တိတ်ဆိတ်နေတဲ့ ပတ်ဝန်းကျင်ကြောင့် တဖြည်းဖြည်း အိပ်မောကျသွားရှာတယ်။

“အစ်ကို ... အစ်ကိုရေ ...

ကယ်ပါဦးရှင်၊

အစ်ကို ... အစ်ကို ... အစ်ကို ...

အစ်ကို ... အစ်ကို”

ခေါ်သံကြီးကြောင့် နေမွန်ဟာ လန့်ဖျပ်ပြီး ‘အား’ခနဲ အော်ဟစ်လိုက်တယ်။

“ဟ ... ဘာဖြစ်ပြန်ပြီလဲကွာ၊

နေမွန် ... နေမွန် ... မင်း အရင်က

ဒီလိုမဟုတ်ပါဘူးကွာ၊

ဘာလို့ ဒီလောက်အသည်းငယ်ရတာလဲ”

www.burmeseclassic.com

www.burmeseclassic.com



"အင် ... ငါ ... ငါက ...

ဘာဖြစ်လို့လဲ စိုးအောင်၊

ငါ အိပ်နေတာပဲကွ"

စိုးအောင်က သူ့ထုံးစံအတိုင်း ကျွတ်သပ်ရင်း တစ်ဖက်လှည့်အိပ်လိုက်တော့တယ်။

□□□

# အပိုင်း (၆)

www.burmeseclassic.com

www.burmeseclassic.com

(၃) ညကြောက် ...

ထုံးစံအတိုင်း နေမွန်နဲ့စိုးအောင်ဟာ အိပ်ခါနီး ဘီယာအတူသောက်ပြီး အိပ်ခန်းအသီးသီး ဝင်ခဲ့ကြတယ်။

နေမွန်က အခန်းတံခါးပိတ်ဖို့ ပြင်လိုက်တယ်။

"အစ်ကို ... အစ်ကိုရေ ... အစ်ကို၊



ကျွန်မကို ကယ်ပါဦးရှင် ...

အစ်ကို ... အစ်ကို ... အစ်ကို"

နားထဲ သဲ့သဲ့မျှ တိုးဝင်လာတဲ့အသံကြောင့် သူ့ရင်ဝေ ဒိန်းခနဲ တုန်သွားမိတယ်။

အခန်းပြင်ဘက် ကြည့်လိုက်တော့ လှစ်ခနဲ ပြေးသွ တဲ့ လူရိပ်တွေ့လိုက်ရတယ်။

နေမွန်ဟာ အိပ်ခန်းထဲက ထွက်ခဲ့ပြီး စိုးအောင်ရဲ့အခန် ကို တံခါးခေါက်လိုက်တယ်။

"ဟေ့ကောင် ... ထဦးကွ၊ ထဦး"

"ဟာကွာ ... မင်းကလည်း

ခုမှ အိပ်ဖို့လုပ်တုန်းရှိသေး

ဘာဖြစ်ပြန်ပြီလဲ"

စိုးအောင်က တံခါးဖွင့်ရင်း မေးလိုက်တယ်။

နေမွန်က အခန်းအနှံ့ မျက်လုံးဝေ့ကြည့်ပြီး ...

"ငါ ... ငါတို့အခန်းထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



တခြားတစ်ယောက် ရှိနေလား မသိဘူးကွ”

လို့ ပြောလိုက်တော့ စိုးအောင်ရဲ့မျက်ခုံးမြင့်တက်သွားရတယ်။

“ဟေ … တခြားလူရှိတယ် ဟုတ်လား၊

မဖြစ်နိုင်တာကွာ”

“ဖြစ်နိုင်တယ်ကွ၊ ခုနကပဲ …

လူရိပ်တစ်ခု လှစ်ခနဲ ပျောက်သွားတာကွ၊

ငါ့မျက်လုံးနဲ့ သေချာမြင်လိုက်တယ်၊

လာကွာ … ငါတို့ ရှာကြည့်ရအောင်”

နှစ်ယောက်သား အခန်းအနှံ့ လှည့်ပတ်ရှာကြတယ်။

အိမ်သာ၊ ရေချိုးခန်း၊ စတိုးခန်းပါမကျန် ရှာပြီးတဲ့အခါမှာတော့ …

“မသေချာဘဲ လျှောက်ပြောနေတာပဲ

နေမွန်ရ၊ အခန်းက ဒီလောက်ရှင်းနေတာ၊

ဘယ်သူမှ မရှိဘူး၊



မင်း … ဒီရောက်တဲ့နေ့တည်းက

ဘာဖြစ်နေတာလဲ နေမွန်”

စိုးအောင်ရဲ့အမေးကြောင့် နေမွန်က ဇဝေဇဝါပုံနဲ့ ခေါင်းယမ်းရင်း …

“ငါ့နားထဲမှာ မိန်းကလေးတစ်ယောက်ရဲ့

အသံကို မကြာခဏ ကြားနေရတယ်၊

ငါ ဘာဖြစ်နေလဲဆိုတာ ငါ့ကိုယ်ငါတောင်

မသိဘူးကွာ၊ ငါ ဘာလုပ်ရမလဲ စိုးအောင်ရာ”

နေမွန့်အပြောကို စိုးအောင်က စိတ်ရှုပ်ထွေးဟန်နဲ့ ခေါင်းကုတ်လိုက်တယ်။

“ဘာမှမလုပ်နဲ့ ဟော့ကောင်၊

မင်း အိပ်ဆေးသောက်ပြီး အိပ်လိုက်၊

ကဲ … အခန်းထဲဝင်တော့”

စိုးအောင်က ပြောပြောဆိုဆို သူ့ကို အိပ်ခန်းထဲ လိုက်ပို့ပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာနံဘေးရှိ စားပွဲပေါ်က စာအုပ်ကို စိုးအောင် မြင်လိုက်တော့။

"ဟင် ... ကမ္ဘာကျော် တစ္ဆေကြီးများ

ဆိုပါလား၊ ငါ သိပြီ နေမွန်၊

မင်း ဒီစာအုပ်ဖတ်ပြီး ...

ပေါက်ကရတွေ စိတ်စွဲနေတာပဲကွ၊

လိပ်ပြာနုရင်လည်း ဒါမျိုး

မဖတ်သင့်ဘူးကွာ၊

ကဲ ... အိပ်တော့ ဒီစာအုပ် ငါသိမ်းမယ်"

စိုးအောင်က စာအုပ်ကို ဆွဲယူပြီး ထွက်သွားတယ်။

နေမွန်လည်း အိပ်ရာပေါ်ထိုင်ရင်း အံဆွဲထဲက အိပ်ဆေးကို ယူလိုက်တယ်။

ဆေးတစ်လုံးကို ရေနဲ့မျောချပြီး သောက်ချလိုက်တယ်။

ပြီးတော့ ... အိပ်ရာပေါ် ခြေပစ်လက်ပစ် လှဲအိပ်လိုက်တော့တယ်။



ညက တဖြည်းဖြည်း ညဥ့်နက်လာသည်နဲ့အမျှ သူ့မျက်လုံးတွေ မှေးစင်းလာတယ်။

ဖွင့်ထားတဲ့ ပြတင်းပေါက်က တိုးဝင်လာတဲ့ လေညင်းနဲ့အတူ သူဟာ လုံးဝအိပ်ပျော်သွားရှာတယ်။

ဝုတ် ... ဝုတ် ... ဝုတ် ... ဝုတ် ...

ဆူညံစွာ ကြားလိုက်ရတဲ့ ခွေးဟောင်သံကြောင့် လေးလံနေတဲ့ သူ့မျက်ခွံတွေ ပွင့်သွားတယ်။

အိပ်ဆေးအရှိန်ကြောင့် သူ့ခေါင်းတစ်ခုလုံး ရီဝေနေသော်လည်း ပြတင်းပေါက်ဆီ သွားပြီး ငုံ့ကြည့်လိုက်တယ်။

ခွေးတစ်အုပ်ဟာ တစ်နေရာထဲကို ဝိုင်းပြီး ထိုးဟောင်နေကြတယ်။

ခွေးတစ်အုပ်ရဲ့ မလှမ်းမကမ်းမှာတော့ အဖြူရောင်ဝတ်စုံနဲ့ မိန်းကလေးတစ်ယောက်။

နေမွန်ဟာ ထိုဖြစ်ရပ်ကိုကြည့်ပြီး မိန်းကလေးအတွက် အရမ်းစိတ်ပူသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါ့ကြောင့် ...

"ဟော့ ... ဟော့ ... မိန်းကလေး ...

မင်းနောက်မှာ ခွေးတွေလေ၊

ဘာလို့ တစ်လှမ်းချင်း လျှောက်နေတာလဲကွ၊

ပြေးတော့ ပြေးစမ်းပါကွ၊

ဒုက္ခပါပဲကွာ"

နေမွန်က အသံကုန်အော်ပြီး လှမ်းသတိပေးပေမယ့် ကောင်မလေးက လုံးဝကြားဟန်မတူဘူး။

ခွေးဟောင်သံတွေကြောင့် သူမ မကြားနိုင်ဘူးလို့ နေမွန် ယူဆလိုက်တယ်။

ကောင်မလေးအတွက် ပူပန်တဲ့စိတ်နဲ့ ကွန်ဒိုအောက်ကို အလျင်အမြန် ပြေးဆင်းသွားလိုက်တယ်။

မြင်လိုက်ရတဲ့ မြင်ကွင်းက ...

ခွေးတစ်အုပ်ရဲ့ရှေ့မှာ တရွေ့ရွေ့လျှောက်နေတဲ့ အဖြူရောင်ဝတ်စုံနဲ့ မိန်းကလေး။



သူ ကြောင်ငေးကြည့်ချိန်မှာပဲ ...

ခွေးတစ်အုပ်ကြီးဟာ မာန်ဖီရင်း သူမကို ကိုက်နက်ကြတော့တယ်။

နေမွန်က ရုတ်တရက်အဖြစ်အပျက်ကြောင့် လန့်ဖျပ်သွားပြီး ...

"ဟာ ... ခွေးစုတ်, ခွေးနာတွေ၊

မလုပ်နဲ့ ... မလုပ်နဲ့၊

ဖယ်စမ်း ... ဖယ်စမ်း"

လို့ ဒေါသတကြီး အော်ဟစ်ရင်း ပြေးသွားလိုက်တယ်။

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၇)

"ဟေ့ကောင် . . . နေမွန် . . . နေမွန်

နေမွန် ... ထစမ်း ... ထစမ်းပါကွ"

စိုးအောင်က စိုးရိမ်တကြီးနဲ့ နေမွန့်ကို လှုပ်နှိုးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ချေးတွေ ရွှဲနစ်နေတဲ့ နေမွန်တစ်ယောက် မျက်လုံးပွင့်ရင်း ငေါက်ခနဲ ထ,ထိုင်လိုက်တယ်။

"ခွေး ... ခွေးတွေ ... ခွေးတွေ ...

ဘယ်ရောက်သွားလဲ၊

ဟင် ... ဘယ်ရောက်သွားလဲ စိုးအောင်"

နေမွန်ရဲ့ ပြူးပျာပျာအမေးကြောင့် စိုးအောင် မျက်လုံးပြူးသွားတယ်။

"ဘယ်က ခွေးတွေလဲကွာ၊

ကဲ ... ကဲ ... မင်းကြည့်ရတာ

သိပ်မောနေပြီ၊

ငါ ရေယူပေးမယ် ... ခဏလေး"

စိုးအောင်က မီးဖိုခန်းဝင်ပြီး ရေဘူးယူလိုက်တယ်။

"ရော့ ... စိတ်ကို ငြိမ်ငြိမ်လေးထားပြီး

ရေသောက်လိုက်၊ ပြီးမှ ...

မင်း စိတ်ထဲရှိတာပြော ဟုတ်လား"



စိုးအောင် လှမ်းပေးတဲ့ရေကို နေမွန်က လှမ်းယူပြီး အငမ်းမရ မော့သောက်ချလိုက်တယ်။

ပြီးမှ ...

"အိပ်မက်တော့ မဟုတ်ဘူးကွ၊

ငါ တကယ်ကြုံရတာ၊

ကောင်မလေးတစ်ယောက်ရဲ့နောက်ကို

ခွေးတွေ အုပ်စုဖွဲ့ပြီး လိုက်ဟောင်တာကွ၊

ငါလည်း တိုက်အောက်ပြေးဆင်းပြီး

ကူညီဖို့ လုပ်သေးတယ်၊

ဒါ ... ဒါပေမဲ့ ... ငါ့ရှေ့မှာတင်

ခွေးတွေက မိန်းကလေးကို ဝိုင်းပြီး

ကိုက်ဖဲ့ကြတာကွ၊ ငါလည်း ပြေးပြီး

ခွေးတွေကို ဆောင့်ကန်ပစ်လိုက်တယ်၊

မိန်းကလေး သနားစရာကွာ၊

ဖြူဆွတ်နေတဲ့ သူ့ဂါဝန်တစ်ခုလုံး

www.burmeseclassic.com

www.burmeseclassic.com



သွေးတွေချည်းပဲကွ၊ ငါလည်း ...

ခွေးတွေနဲ့ လုံးထွေးရင်း အကိုက်ခံလိုက်ရတယ်၊

အဲဒီခွေးတွေအားလုံး ခွေးနက်ကြီးတွေကွ၊

အစွယ်ကြီးမှ အရှည်ကြီးတွေပဲ"

နေမွန်ရဲ့အပြောကြောင့် စိုးအောင်က သက်ပြင်းချလိုက်တယ်။

"အေး ... ငါလည်း မင်းအခန်းက

ငယ်သံပါအောင် အားခနဲ အော်သံကြားလို့

လန့်နိုးခဲ့ရတာ၊ ဒါပေမဲ့ ...

နေမွန်ရဲ့ မင်း အခုပြောတာတွေ

ငါ လက်ခံပါတယ်၊

ငါ သိထားတာလည်း ရှိသေးတယ်ကွ၊

ညက မင်းလုပ်လို့ ငါ အိပ်မရခဲ့ဘူး၊

ဒါကြောင့် မင်းဆီက ယူသွားတဲ့

တစ္ဆေစာအုပ်ကိုဖတ်ရင်း အိပ်ပျော်သွားတာကွ၊



အဲဒီစာအုပ်ထဲမှာ ခွေးနက်တစ္ဆေအကြောင်း

ပါတယ်လေကွာ၊ မင်း ဘာလို့

တစ္ဆေသရဲစာအုပ်ဖတ်ပြီး ဒီလောက်

စိတ်စွဲနေရတာလဲကွ၊ ကဲပါ ...

မိုးလင်းတော့မယ်၊ ပြန်အိပ်ချင်လည်းအိပ်၊

မနက်ဆို မင်း သင်တန်းစတက်ရမှာလေကွာ၊

စိတ်ကို ငြိမ်ငြိမ်ထား သူငယ်ချင်း၊

ငါ့လည်း အားနာဦးကွာ၊

မင်းလုပ်လို့ ငါလည်း သုံးနာရီလောက်ပဲ

အိပ်ရသေးတယ်"

စိုးအောင် ပြောဆိုပြီး ထ,ထွက်သွားတယ်။

နေမွန်ဟာ အိပ်ရာထက်လှဲရင်း ...

"အင်း ... စိုးအောင် ပြောသလို

ငါကပဲ တစ္ဆေစာအုပ်ဖတ်ပြီး စွဲလမ်းနေသလား၊

ဒါမှမဟုတ် ... ငါ့ကိုပဲ

www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်တစ်ခုခုက ခြောက်လှန့်နေသလား၊

ဘယ်လိုတွေးရမှန်းကိုမသိဘူး၊

ဒီတိုက်ခန်းရောက်တာ သုံးညရှိပြီ၊

တစ်ညမှ ကောင်းကောင်းမနေရဘူး၊

ငါထင်သလို မကောင်းဆိုးဝါးရှိခဲ့ရင်ရော၊

ဘာကြောင့် စိုးအောင်ကို မခြောက်လှန့်ပဲ

ငါပဲ ကြုံနေရသလဲ ... ဟူး ...

ဘယ်လိုတွေးတွေး အဖြေမပေါ်ဘူး၊

ရှုပ်တယ်ကွာ၊ ရအောင် မေ့ပစ်ပြီး

အိပ်ပစ်ရမယ်၊ ငါ မိုးလင်းရင်

သင်တန်းသွားရမယ်၊ အိပ်ပြီကွာ"

□□□

# အပိုင်း (၈)

www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့ နေမွန်တစ်ယောက် ဖုန်းပြင်သင်တန်းကို ပထမဆုံး တက်တဲ့နေ့။

သင်တန်းပြီးချိန် သုံးနာရီခွဲလောက်မှာတော့ တက်စီငှားပြီး အိမ်ပြန်ခဲ့တယ်။



မိုက်ထဲက အရမ်းဆာလောင်မှုကြောင့် အိမ်နားမရောက်ခင်ပဲ တက်စီကို ရပ်ခိုင်းပြီး စားသောက်ဆိုင်ထဲ ဝင်လိုက်တယ်။

သူဝင်လိုက်တဲ့ဆိုင်က ကိုရီးယားစားသောက်ဆိုင်။

ဒါကြောင့် ပဲခေါက်ဆွဲတစ်ပွဲနဲ့ ဆိုဂျူးတစ်လုံးမှာပြီး ထိုင်စောင့်နေလိုက်တယ်။

ဆယ်မိနစ်လောက်ကြာတော့ ဝိတ်တာက စားသောက်စရာတွေ လာချပေးတယ်။

သူလည်း ဗိုက်ဆာဆာနဲ့ ပူချစ်နေတဲ့ ပဲခေါက်ဆွဲကို တစ်ဝကြီး ဆွဲပစ်လိုက်တယ်။

စားလို့အပြီး ဆိုဂျူးသောက်နေချိန်မှာတော့ ငါးဝိုင်းကျော်လောက်က လူတွေကို သတိပြုမိသွားတယ်။

အံ့အားသင့်စိတ်နဲ့အတူ ဆိုဂျူးပုလင်းကိုချပြီး ဝိုင်းဘက်လှမ်းကြည့်ခဲ့မိတယ်။

"ရှေကြာမှုံ ... ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com



မှတ်မိပါတယ်နော်”

သူ့အသံကြောင့် မိန်းမပျိုက လှည့်ကြည့်တယ်။

ဒီအချိန်မှာပဲ သူမနဲ့အတူ ထိုင်တဲ့ အမျိုးသမီးက …

“သမီးရေ … အန်တီတို့လည်း ပြန်ဦးမယ်၊

အလုပ်ကိစ္စလေးရှိလို့လေ၊ မမတင်ကို

ပြောလိုက်နော်၊ ဓီဇဝါကွန်ဒိုကိစ္စ အားလုံး

အိုကေပဲဆိုတာ၊ ဆီးယူနော် သမီး”

“ဩော် … ဟုတ်ကဲ့ပါ အန်တီ၊

မှု အန်တီတင့်ကို ပြောလိုက်ပါ့မယ်၊

နောက်မှ တွေ့ကြမယ်နော်”

ရွှေကြာမှုံရဲ့စကားကို အမျိုးသမီးကြီးက ပြုံးရင်း ထ,ထွက်သွားတယ်။

“မထင်မှတ်ဘဲ ဆုံရလို့

လာပြီး နှုတ်ဆက်တာပါ၊

အလုပ်ပျက်သွားလားဟင်”



နေမွန်ရဲ့အမေးကြောင့် ရွှေကြာမှုံက ပြုံးရင်း …

“မပျက်ပါဘူး ကိုနေမွန်ရဲ့၊

အလုပ်ကိစ္စက စကားပြောပြီးသား၊

ခုပဲ ဒီအန်တီက ပြန်ဖို့ပြင်နေတာလေ၊

ဒါနဲ့ … ကိုနေမွန် တစ်ယောက်တည်းလားရှင့်”

“အင်း … ကိုယ် တစ်ယောက်တည်းပါပဲ၊

အပန်းမကြီးရင် ကိုယ့်ဝိုင်းကို

လိုက်ခဲ့ပါလားဟင်၊

ကိုယ်တို့ စကားပြောရအောင်ပါ”

ရွှေကြာမှုံက ငြင်းဆန်မှုမရှိဘဲ ပြုံးရင်း နေမွန့်စားပွဲဘက် လိုက်လာတယ်။

စားပွဲရောက်တော့ နေမွန်ရဲ့မျက်နှာကို စူးစိုက်ကြည့်ရင်း

“ကိုနေမွန့်ကြည့်ရတာ မျက်တွင်းတွေ

ချောင်သွားသလိုပဲနော်၊

နေရောကောင်းရဲ့လားရှင့်”

www.burmeseclassic.com

www.burmeseclassic.com



လို့ မေးလာတယ်။

ရွှေကြာမှုံရဲ့အမေးကြောင့် နေမွန် မျက်နှာပျက်သွား
တယ်။

"နေတော့ကောင်းပါတယ် မှုံရယ်၊
ဒါပေမဲ့ ... စိတ်က မကောင်းဘူးဖြစ်နေတယ်"

"ရှင် ... ကိုနေမွန့်စကားက တစ်မျိုးကြီးပဲ၊
ဘာ ... ဘာများဖြစ်နေလို့လဲရှင်"

နေမွန်က သက်ပြင်းသဲ့သဲ့ရှိုက်လိုက်မိတယ်။

"အမှန်တိုင်းပြောရရင် ... မှုံကို
စတွေ့တဲ့နေ့တည်းက ငြင်းရင်းနီးနီး
ခင်မင်မိတာ အမှန်ပါ၊
ဒါ့ကြောင့် ကိုယ် မှုံကို ပြောပြချင်တာတွေ
ရှိတယ်၊ မှုံ အချိန်ရရဲ့လားဟင်"

"အခုက ရုံးဆင်းချိန်လေ အစ်ကိုရဲ့၊
အချိန်ရပါတယ်၊



အစ်ကို တစ်ခုခုဖြစ်နေပြီထင်တယ်၊
ဒီလိုဖြစ်မယ်လို့ မှုံ ခန့်မှန်းပြီးသားပါ အစ်ကို"

ရွှေကြာမှုံရဲ့အပြောကြောင့် နေမွန်ဟာ မျက်မှောင်ကြုတ်
ရင်း အံ့အားသင့်သွားတယ်။

"ဘယ်လို ... ကိုယ်ဖြစ်နေတာကို၊
မှုံက သိနေတယ် ဟုတ်လား၊
ဒါကို ... ဘယ်လိုသိတာလဲဟင်"

"ဒါတွေ မမေးပါနဲ့ အစ်ကို၊
အစ်ကို ဘယ်လိုကြုံနေရသလဲသာ
ပြောပြပါရှင်"

"ကောင်းပြီ မှုံ၊ ကိုယ် ...
ငွေသွန်းစက်ကွန်ဒိုကို စရောက်ချိန်တည်းက
ခုချိန်ထိ တစ်ညမှ အိပ်မရခဲ့ဘူး၊
ကိုယ့်ကို တစ်ခုတစ်ခု ခြောက်လှန့်နေသလိုမျိုး
ခံစားနေရတယ်၊ ဒါပေမဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



ကိုယ် တစ်ယောက်တည်း ဒါမျိုး

ကြုံနေရတာ မှုံ၊ ကိုယ့်သူငယ်ချင်း

စိုးအောင်ကတော့ ဘာမှမဖြစ်ဘူး”

ဒီတစ်ခါ မျက်နှာပျက်ရသူက ရွှေကြာမှုံပင်။

“ဟိုလေ … မှုံကိုတော့ အစ်ကို

တစ်မျိုး မမြင်စေချင်ဘူး၊

မှုံကိုယ်တိုင်က အကျိုးဆောင်ဝန်ထမ်းတစ်ဦးပါ၊

အမှန်တိုင်းပြောရရင် အစ်ကို ရုံးခန်းကို

စရောက်တဲ့နေ့တည်းက ငွေသွန်းဆက်ကွန်ဒိုမှာ

နေမယ့်သူဆိုလို့ မှုံက အံ့အားသင့်နေခဲ့မိတာပါ

အစ်ကို”

ရွှေကြာမှုံရဲ့အပြောကြောင့် သူ ပိုပြီး အံ့သြသွားမိတယ်။

“ဗျာ … ဘယ်လိုကြောင့်များလဲဗျာ”

“ဒီလိုပါ အစ်ကို၊ ငွေသွန်းဆက်ကွန်ဒိုမှာ

ဘယ်အိမ်ရှင်မှ မှုံတို့အကျိုးဆောင်မှာ



အခန်းမအပ်ဘူးရှင့်၊

အစ်ကိုနေတဲ့ အခန်းတစ်ခုတည်း

အပ်တာပါ၊ အိမ်ရှင်ကလည်း

အကျိုးဆောင်ကို သူများထက်ပိုပေးတော့

အန်တီတင်ကလည်း အမြဲ

လူငှားတင်ပေးတယ်လေ”

“ဟုတ်ပါပြီ မှုံရယ်၊

အိမ်ရှင်နဲ့ ပွဲစားကိစ္စက

ကိုယ်နဲ့မှ မပတ်သက်ပဲကွာ၊

ဘာထူးဆန်းလို့လဲဟင်”

ရွှေကြာမှုံက သူ့ရဲ့မျက်နှာကို စူးစိုက်ကြည့်နေတယ်။

ပြီးမှ …

“အစ်ကို့အတွက် ထူးမထူးတော့ မသိဘူးရှင့်၊

မှုံတို့ အကျိုးဆောင်မှာတော့

ငွေသွန်းဆက်ကွန်ဒိုရဲ့ ငါးလွှာအခန်းကို

www.burmeseclassic.com

www.burmeseclassic.com



လူငှားတက်ရင် လူအားလုံး စိတ်ဝင်စားပြီး

နားစွင့်နေတတ်တယ် အစ်ကိုရဲ့"

"ဗျာ ... ဘာကြောင့်များလဲဗျာ၊

ကိုယ်နေတဲ့အခန်းက ဒီလောက်ထိ

ပေါ်ပြူလာဖြစ်နေတာလား၊

နားမလည်တော့ဘူး မုံ့ရယ်"

"အစ်ကို့လိုပါပဲ၊ မုံ့တို့ ရုံးခန်းက

လူတွေလည်း နားမလည်လို့

စောင့်ကြည့်နေကြတာရှင့်၊

ရှင်းရှင်းပြောရရင် အစ်ကိုရှေ့က

နောက်ဆုံး အိမ်ငှားဆိုရင်

ခြောက်လစာငွေကို အရှုံးခံပြီး

ခုနစ်ရက်တည်းနဲ့ ပြောင်းသွားကြတယ်လေ"

ရွှေကြာမုံ့ရဲ့အပြောကို နေမွန်တစ်ယောက် အကြီးအကျယ် စိတ်ဝင်စားသွားမိတယ်။



"မုံ့ပြောချင်တဲ့အကြောင်းက ...

ကိုယ်နေတဲ့အခန်း မကောင်းဆိုးဝါးရှိတယ်လို့

ဆိုချင်တာလားဟင်"

ရွှေကြာမုံ့က ခေါင်းယမ်းလိုက်ရင်း ...

"အဲလိုမဟုတ်ဘူး အစ်ကို၊

မုံ့တို့လည်း လူတွေသာ ဒီအခန်းမှာ

တစ်ဦးပြီးတစ်ဦး ပြောင်းသွားခဲ့တာ၊

တစ္ဆေသရဲခြောက်လှန့်တယ်ဆိုတဲ့အသံ

ဘာမှမကြားခဲ့ရဘူး၊ ဒါ့ကြောင့် ...

ပိုစိတ်ဝင်စားနေကြတာ၊

သေချာတာကတော့ အစ်ကိုလည်း

မကြာခင် ပြောင်းရွှေ့လိမ့်မယ်ဆိုတာပါပဲရှင်"

လို့ ပြောလိုက်တဲ့အခါ ...

"ကိုယ်က ပြောင်းလို့မရဘူး မုံ့၊

ကိုယ် ပြင်ဦးလွင်ကနေ ဒီအထိလာပြီး

www.burmeseclassic.com

www.burmeseclassic.com



သင်တန်းတက်နေသူပါ၊

ကိုယ့်မှာ ငွေပိုငွေလျှံလည်း မရှိဘူး၊

ကိုယ့်ရဲ့အခန်းက လူမမြဲဘူးလည်း ပြောတယ်၊

မကောင်းဆိုးဝါး နှောင့်ယှက်တဲ့အသံ

မှုတို့ ဘာမှမသိရဘူးဆိုတော့

ထူးဆန်းသလိုပဲ မှူး၊ ကိုယ်တော့

ညစဉ်ညတိုင်း မိန်းကလေးတစ်ယောက်ရဲ့

ငိုရှိုက်သံကိုချည်း ကြားနေရတယ်"

ရှေ့ကြာမှူးတစ်ယောက် မျက်လုံးအစုံ ဝိုင်းစက်သွားရတယ်။

□□□

# အပိုင်း (၉)

www.burmeseclassic.com

www.burmeseclassic.com

"ရှင် ... ငိုသံကြားရတယ် ဟုတ်လား၊
ဒါ သိပ်ထူးဆန်းတယ် အစ်ကို၊
မှုံဖြင့် ယုံတောင်မယုံနိုင်ဘူး၊
အစ်ကို့ရဲ့အဖြစ်အပျက်တွေကို မှုံ



သိပ်စိတ်ဝင်စားမိတယ်၊
ပြောပြပါလား အစ်ကို"

ရွှေကြာမှုံရဲ့စကားအဆုံးမှာ သူမရဲ့လက်ကိုင်ဖုန်းက
အသံမြည်လာတယ်။

"မှုံပါ အန်တီ၊ ဟုတ် ... ဟုတ်ကဲ့၊
ဟုတ်ကဲ့ပါ အန်တီ၊
မှုံ ခုချက်ချင်း ပြန်လာပါ့မယ်၊
ခဏလေး စောင့်ခိုင်းပေးပါနော် ...
ဟုတ်ကဲ့"

ရွှေကြာမှုံ ဖုန်းချရင်း ...

"ရုံးမှာ မှုံတာဝန်ယူထားတဲ့
ဝယ်လက်တွေ ရောက်နေတယ်၊
မှုံ အမြန်ပြန်မှဖြစ်မယ် အစ်ကို၊
နောက်မှ အေးဆေးတွေ့ကြမယ်နော် ...
ဆီးယူ အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



ရွှေကြာမှုံက ရေးကြီးသုတ်ပျာပြာဟန်နဲ့ အလျင်စလို ပြော ပြီး ထ,ထွက်သွားတယ်။

နေမွန်တစ်ယောက် လုပတဲ့ ရွှေကြာမှုံရဲ့ကျောပြင်ကို ငေးရင်း ကျန်ရစ်ခဲ့ရတယ်။

သူလည်း ငွေရှင်းပြီး ဆိုင်ထဲက ထွက်လိုက်တယ်။

ပြီးတော့ ... ကွန်ဒိုရှိရာ လမ်းလျှောက်ပြန်ခဲ့တယ်။

တိုက်ရှေ့ရောက်တော့ ဓာတ်လှေကားပေါက်မှာ စုပြုံနေ တဲ့ လူအုပ်ကြီးကို တွေ့လိုက်ရတယ်။

နေမွန်ဟာ အံ့အားသင့်စိတ်နဲ့အတူ ...

"လူတွေ ဘာလို့များနေတာလဲဗျ၊

ဘာတွေဖြစ်နေကြလို့လဲဗျာ"

လို့ လူတစ်ယောက်ကို မေးလိုက်တယ်။

ထိုလူက အာပေါင်အာရင်းသန်သန်နဲ့ ...

"ဟ ... ဘာဖြစ်ရမှာလဲဗျ၊

ကွန်ဒိုရဲ့ငါးလွှာမှာ ပြဿနာတက်နေတယ်ဗျ၊



ကျုပ်တို့လည်း သိချင်လို့

အပေါ်တက်ဖို့ စောင့်နေတာ၊

ကျုပ်လို သိချင်တဲ့လူတွေများတော့

တိုးလို့တောင် မရဘူးဗျို့"

လို့ ပြောလာတယ်။

ငါးလွှာဆိုတဲ့အသံကြောင့် နေမွန် ခေါင်းနပန်းကြီးသွား ရတယ်။

ဒါကြောင့် တိုးကျပ်နေတဲ့ လူကြားကနေ လှေကားပေါ် တိုးဝှေ့ပြေးတက်လိုက်တယ်။

လေးလွှာရောက်တော့ ဝုန်းခနဲ ... အုန်းခနဲ အသံတွေ ကြားလိုက်ရတယ်။

"အထဲမှာ အတော်လေး ပြင်းထန်နေတယ်ကွ၊

ကြည့်ရတာ လင်မယားတွေ

ရန်ဖြစ်လားမသိဘူးဟေ့"

"အာ ... မင်းကလည်း

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်ဘူးကွ၊ လင်မယား စကားများရင်
စကားပြောသံတွေ ကြားရမှာပေါ့ကွ၊
ခုက ... ပစ်ပေါက်တဲ့အသံတွေပဲ
ကြားနေရတယ်၊ ခုဆို ...
ဆယ့်ငါးမိနစ်လောက် ရှိနေပြီဟေ့"

လူတွေရဲ့ထင်ကြေးပေးသံကို ကြားလိုက်ရတဲ့အတွက်

"ဒီမယ်ဗျ ... ဒါက ကျုပ်အခန်းပါ၊
ခင်ဗျားတို့ ဘာတွေပြောနေသလဲ
ကျုပ် မသိဘူး၊
လမ်းဖယ်ပေးပါ ... တစ်ဆိတ်လောက်"

သူ့အပြောကြောင့် လူတွေက သူ့ကို အထူးအဆန်းသ ဖွယ် ဝိုင်းကြည့်ရင်း လမ်းဖယ်ပေးတယ်။

နေမွန်က လူတွေကြား တိုးဝှေ့ရင်း အခန်းသော့ကို ဖွင့် လိုက်တယ်။

ထိုအချိန် လှေကားရှိ လူအားလုံး ကြက်သေကြီးတွေလို



ငြိမ်သက်နေသလို ... တိတ်ဆိတ်နေကြတယ်။

ကလစ် ... ဆိုတဲ့ တံခါးသော့ခ် ဖွင့်သံနဲ့အတူ လူတွေ ဟာ ဆတ်ခနဲ တုန်သွားကြတယ်။

နေမွန် အခန်းထဲ ခြေတစ်လှမ်းဝင်မိချိန်မှာတော့ ...

"ဟာ ... ဘာတွေဖြစ်ကုန်တာလဲ၊
ကျွန်တော့်အခန်းထဲ သူခိုးဝင်နေပြီထင်တယ်၊
ကူကြပါဦးဗျ"

လို့ ထိတ်လန့်စွာ လွှတ်ခနဲ ရေရွတ်လိုက်မိတယ်။

သူ့အခန်းတစ်ခန်းလုံး ပွစာကျဲနေသလို တချို့သော ပစ္စည်းတွေက ကျိုးပျက်နေတယ်။

လှေကားရှိ လူတွေဟာ နေမွန်ရဲ့နောက်ကနေ ထိတ် လန့်စွာနဲ့ပဲ အခန်းထဲ လိုက်ပါလာကြတယ်။

"ကျွန်တော့်အခန်းက ကျွန်တော့်ရဲ့သူငယ်ချင်း
နှစ်ဦးပဲ နေတာဗျ၊ သူခိုးဝင်မွှေ့သွားပြီ၊
ဝိုင်းရှာပေးကြပါဦးဗျာ ... ကူညီပါ"

www.burmeseclassic.com

www.burmeseclassic.com



နေမွန်ရဲ့အကူအညီတောင်းခံမှုကြောင့် လူအားလုံး အခန်းထဲဝင်ပြီး သူ့ခိုးကို ရှာကြံပေးကြကုန်တယ်။

တစ်ခန်းလုံး မြေလှန်ရှာတာတောင် ဘာမှမတွေ့ရတဲ့ အတွက် ရှာတဲ့လူတွေ စိတ်ပျက်သွားကြတယ်။

"မဟုတ်သေးဘူးဗျ၊
ခင်ဗျားအပြောအရ ဒီအခန်းမှာ
လူမရှိဘူး၊ ခင်ဗျားကလည်း
အပြင်ရောက်နေတယ်၊ ဒါဆို ...
ဘာလို့ ဝုန်းဒိုင်းကျဲတဲ့အသံတွေ
ကြားရသလဲ၊ ကျုပ်တို့က
နားနဲ့ကြားလို့ တက်လာတာ၊
အရူးတွေမဟုတ်ဘူးဗျ"

တစ်ယောက်က ထိုသို့ပြောသလို နောက်တစ်ယောက် က ...

"ဒါတော့ ... မှန်တယ်ဗျို့၊



ဝုန်းဒိုင်းအသံတွေ ကြားလို့
ပတ်ဝန်းကျင်အနေနဲ့ ကူညီဖြေရှင်းပေးဖို့
ရောက်လာတာ၊ ခုတော့ ...
ဘယ်သူမှ မရှိဘဲ ပစ္စည်းတွေ
ပြန့်ကျဲနေတယ်၊ ကျုပ်တော့ ...
လုံးဝ နားမလည်နိုင်ဘူးဗျာ"

လို့ ပြောလိုက်တဲ့အတွက် ကျန်တစ်ဦးက ...

"ကျုပ်အထင်ပြောရရင် ...
ခင်ဗျားဟာ ပုဏ္ဏက အတိုက်ခံရပြီဗျ၊
အစိမ်းတိုက်ခံရရင် ဒီလိုပဲ၊
လူမလုပ်ဘဲ တစ်အိမ်လုံးရှိသမျှပစ္စည်းတွေ
ဖျက်ဆီးခံရတယ်ဗျို့"

လူတွေရဲ့ တစ်ယောက်တစ်ပေါက်အပြောကြောင့် နေမွန်မှာ ရင်ထဲ တုန်ယင်ပြီး ခေါင်းတွေ ပွင့်ထွက်မတတ် ကိုက်ခဲသွားရ တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါ့ကြောင့် သူတို့အားလုံးကို လက်ကာပြရင်း ...

"တော်ကြပါတော့ဗျာ၊

ခင်ဗျားတို့အားလုံး ကျွန်တော့်ကို

ကူညီတာ ကျေးဇူးတင်ပါတယ်၊

ခုလည်း အိမ်ထဲမှာ ဘယ်သူခိုးမှ

မတွေ့ရပါဘူး၊ ဒါ့ကြောင့် ...

ပြန်ကြပါတော့၊ အားလုံးကို

ကျေးဇူးတင်ပါတယ် ခင်ဗျာ"

လို့ တောင်းဆိုလိုက်မိတယ်။

လူတွေက အမျိုးမျိုး ဝေဖန်တီးတိုးရင်း အခန်းထဲက အလျှိုလျှို ထွက်သွားကြကုန်တယ်။

လူရှင်းမှ နေမွန်ဟာ အိမ်တံခါးပိတ်ပြီး ဆိုဖာပေါ် ခြေပစ်လက်ပစ်လှဲရင်း အနားယူလိုက်မိတယ်။

ဒေါက် ... ဒေါက် ... ဒေါက် ... ဒေါက်

"ဟာကွာ ... ခေါင်းနောက်နေပါတယ်ဆိုမှ



တံခါးလာခေါက်နေသေးတယ်၊

ဘယ်သူလဲဗျာ"

နေမွန်က ဆိုဖာပေါ်က လူးလဲထရင်း တံခါးထဖွင့်ပေး တယ်။

တွေ့လိုက်ရတာက သူ့ရဲ့အခန်းဖော်သူငယ်ချင်း၊

မျက်နှာက မကြည်လင်ဘူး။

သူက ဘာဂျာတံခါးကို ဆွဲဖွင့်ပေးရင်း မေးလိုက် တယ်။

"ဟေ့ကောင် ... မင်းမျက်နှာ

မကောင်းပါလားကွ၊ ဘာဖြစ်တာလဲဟင်"

စိုးအောင်က သူ့အမေးကို မဖြေဘဲ ဆိုဖာရှိရာ မျက်နှာမသာမယာနဲ့ လျှောက်သွားတယ်။

ပြီးမှ အခန်းပတ်ဝန်းကျင်ကို သတိပြုမိသွားရင်း ...

"တစ်ခန်းလုံး ရှုပ်ပွနေပါလား နေမွန်၊

မင်း ဘာတွေဖြစ်နေတာလဲကွာ"

www.burmeseclassic.com

www.burmeseclassic.com



လို့ အားလျော့တဲ့လေသံနဲ့ မေးလာတယ်။

နေမွန်က စိုးအောင်ရဲ့ မျက်နှာရိပ်ကို အကဲခတ်မိပြီး…

"ဘာ … ဘာမှမဖြစ်ပါဘူးကွ၊

ငါ ဖွထားတာပါ၊

မင်း ဘာဖြစ်သလဲသာ

ပြောစမ်းပါကွ"

လို့ စကားလွှဲ မေးလိုက်မိတယ်။

စိုးအောင်က ဆိုဖာပေါ် ထိုင်ချလိုက်ရင်း …

"ငါ … ဒီညပဲ ခရီးထွက်ရမယ်ကွာ"

စိုးအောင်ရဲ့အပြောကြောင့် နေမွန် အရမ်းအံ့သြသွားရတယ်။

"ဟာ … ဘာအကြောင်းရှိလို့လဲကွ၊

မင်း ခရီးသွားရင် ငါလည်း လိုက်ခဲ့မယ်ကွာ"

စိုးအောင်က ခေါင်းခါယမ်းလိုက်ပြီး …

"မင်း ဘယ်လိုက်လို့ရမလဲကွ၊



ခုမှ သင်တန်းတက်တာ တစ်ရက်ပဲ

ရှိသေးတာ၊ ငါ … ငါ … ငါ့အမေ

နယ်မှာ ဆုံးသွားပြီကွ"

"ဘာ … မင်းအမေ ဆုံးသွားပြီ

ဟုတ်လား၊ ဟုတ်ရဲ့လားကွာ၊

မင်းအမေက သိပ်ကျန်းမာတာပဲဟာကို"

"ဟုတ်တယ် နေမွန်၊

ငါ့အစ်မ ရုံးကို

နေ့လယ်က ဖုန်းဆက်တာ၊

ငါ့အမေက ဘာရောဂါမှ မရှိဘူးကွ၊

မင်းလည်း သိတာပဲကွာ၊

ခုဆို … မြို့အတော်များများမှာ

ခရမ်းလွန်ရောင်ခြည်က ကြီးစိုးနေတာကွ၊

ငါ့အမေက ငွေတိုးချေးတဲ့အလုပ်လုပ်တာ

မင်းအသိပဲ၊ မနေ့က နေ့လယ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



အတိုးတောင်းပြန်လာတယ်တဲ့၊

အိမ်ရောက်တော့ သိပ်ပူလို့

ရေခဲရေတောင်းသောက်တာ

ရေအေးသောက်ပြီး စက္ကန့်ပိုင်းအတွင်းပဲ

အမေ့ကို လုံးဝခေါ်လို့မရတော့ဘူးတဲ့၊

အပူအအေးမမျှတဲ့အတွက် ...

ဦးနှောက် သွေးကြောပြတ်ပြီး

ရုတ်တရက် ငါ့အမေ ဆုံးခဲ့ရတာပဲ နေမွန်၊

ငါ ကားလက်မှတ် စီစဉ်ပြီးသလို၊

ရုံးကလည်း ခွင့်ယူခဲ့ပြီးပြီ

ခြောက်နာရီကားနဲ့ ...

ငါ ပြန်ရလိမ့်မယ်ကွာ"

စိုးအောင်ရဲ့စကားကြောင့် နေမွန့်ရင်ထဲ အရမ်းစိတ်မကောင်း ဖြစ်သွားမိတယ်။

"ဘာတတ်နိုင်မလဲ သူငယ်ချင်းရာ၊



သေချင်းတရားကို ဘယ်သူမှ

လွန်ဆန်လို့မှ မရပဲကွ၊

မင်း အမြန် ပြန်ရမှာပေါ့ကွာ"

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၀)

တွီ ... တွီ ... တွီ ... တွီ ... တွီ

အဆက်မပြတ်မြည်လာတဲ့ လက်ကိုင်ဖုန်းသံကြောင့်

အိပ်ပျော်နေတဲ့ နေမွန်ဟာ လန့်နိုးသွားတယ်။

"ဩ ... ဘယ်သူလဲဗျ၊

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်ကြီး ဖုန်းဆက်တာ"

နေမွန်က အသံပြုလိုက်ပေမယ့် တစ်ဖက်က ...

"ဟင့် ... ဟင့် ... ဟင့် ...

ဟင့် ... ဟင့်"

ငိုရှိုက်သံကြောင့် သူ့ရဲ့အိပ်ချင်စိတ်တွေ လွင့်ပျောက်ပြီး ထထိုင်လိုက်မိတယ်။

"ဟင် ... မင်း ... မင်း

ငါ့ကို နှောင့်ယှက်ပြန်ပြီလား၊

မင်းနဲ့ငါ့ကြားမှာ ဘာအကြောင်းရှိလို့

ငါက ဘာများအမှားလုပ်မိလို့

နှောင့်ယှက်နေရတာလဲ၊

မင်းဟာ မကောင်းဆိုးဝါး၊ ဝိညာဉ်၊

ငါတို့ ဘာဆက်စပ်မှုမှမရှိဘူးကွ၊

မင်း သိပ်လွန်နေပြီ မိန်းကလေး"

နေမွန်က ဒေါသတကြီး အော်ငေါက်ပစ်လိုက်တယ်။

တစ်ဖက်က အကြီးအကျယ်ငိုရှိုက်ရင်းက ...

"ဒီ ... ဒီလိုမပြောပါနဲ့ အစ်ကိုရယ်၊

အစ်ကို့ကို စောင့်စားခဲ့ရတာ ညီမအတွက်

နှစ်ပေါင်းမနည်းတော့ပါဘူး၊

ကူညီပါ အစ်ကို ... ကူညီပါ ...

ဟင့် ... ဟင့်"

"ဘာ ... ငါက မင်းကို ကူညီရမယ်

ဟုတ်လား၊ နေ့စဉ်ရက်ဆက် ငါ့ကို

နည်းအမျိုးမျိုးနဲ့ နှောင့်ယှက်နေတဲ့

ဝိညာဉ်ဆိုးကို ငါက ကူညီရမယ်

ဟုတ်လား၊ တော်စမ်းပါဗျာ၊

ညနေကလည်း မင်းပဲ ငါ့အိမ်ကို

ဖြောင်းဆန်အောင် လူတွေ ဝိုင်းအုံအောင်

လုပ်ခဲ့တာ မဟုတ်လား"

"ဟုတ် ... ဟုတ်ပါတယ် အစ်ကိုရယ်၊

www.burmeseclassic.com

www.burmeseclassic.com



အမှန်တိုင်း ပြောရရင် ကျွန်မ,ဖြစ်ချင်တာ

အစ်ကိုမလုပ်ပေးတဲ့အတွက် ပေါက်ကွဲပြီး

လုပ်လိုက်မိတာပါရှင်၊

ဗွေမယူပါနဲ့ အစ်ကိုရယ်၊

ကျွန်မအတွက် ... အစ်ကိုဟာ

သိပ်အရေးကြီးသူပါရှင်၊

ပစ်မထားပါနဲ့ရှင် ...

ဟင့် ... ဟင့် ... ဟင့် ...”

မိန်းကလေးရဲ့စကားသံက တဖြည်းဖြည်း တိုးလျသွားတယ်။

“ဟယ်လို ... ဟယ်လို ...

ငါပြောတာ မင်းကြားလား၊

ကြားရဲ့လားကွ ... ဟယ်လို”

နေမွန် အကြိမ်ကြိမ် အသံပြုပေမယ့် တစ်ဖက်က ဘာသံမှ မကြားရတော့ဘူး။



ဒါ့ကြောင့် ဖုန်းကို ပစ်ချပြီး လှဲအိပ်လိုက်မိတယ်။

“ဘာလဲကွာ ... ဒီတိုက်ခန်းရောက်မှ

ငါ ဘာတွေဖြစ်နေတာလဲ၊

ဒီနေရာမှာ တကယ်ပဲ ဝိညာဉ်ရှိနေတာလား၊

စရောက်တည်းက ဒီနေ့အထိ ...

ငါ တစ်ယောက်တည်း ကောင်းကောင်းမနေရဘူး၊

သူက, ဝိညာဉ်က ငါ့ဆီက ဘာလိုချင်တာလဲ၊

ငါ့ကို ဘာဖြစ်စေချင်တာလဲ၊

ဘာလို့ ငါ့ချည်း ခြောက်လှန့်နေသလဲ ...

ဟား ... သိပ်စိတ်ရှုပ်ဖို့ကောင်းတယ်၊

ငါတော့ ရန်ကုန်လာပြီး သင်တန်းတက်မိတာ

အမှားကြီး မှားပြီထင်တယ်၊

ငါ ဘာလုပ်ရမလဲကွာ၊

တကယ်ပါပဲ ... ကျွတ်”

နေမွန်တစ်ယောက် ထိုသို့စိတ်ပျက်လက်ပျက် တွေး

www.burmeseclassic.com

www.burmeseclassic.com



တောရင်း အိပ်ဆေးတစ်လုံးကို သောက်ပစ်လိုက်တယ်။

ဆေးအရှိန်ကြောင့် တောင်စဉ်ရေမရ လျှောက်တွေးရင်းက တဖြည်းဖြည်း အိပ်မောကျသွားရှာတယ်။

အိပ်ပျော်သွားသည်နှင့်အမျှ သူ့တစ်ကိုယ်လုံး လေဟာနယ်ထဲရောက်သွားသလို ပေါ့ပါးလန်းဆန်းနေတယ်။

“အစ်ကို … အစ်ကို … အစ်ကို …

အစ်ကိုရေ …”

သံလိုက်ဓာတ်လို ဆွဲငင်အားကောင်းတဲ့အသံက သူ့ရဲ့ခြေလှမ်းကို ထိန်းချုပ်လိုက်တယ်။

လေထဲ ဝဲပျံနေတဲ့ ဆံနွယ်တွေနဲ့အတူ အဖြူရောင်ဝတ်စုံနဲ့ မိန်းမလှလေး။

သူ့ကို တဆာဆာခေါ်ရင်း ငေးစိုက်ကြည့်နေတယ်။

သူမရဲ့မျက်ဝန်းအစုံက သူမရဲ့လှပခြင်းနဲ့ ဆန့်ကျင်စွာ ပူဆွေးဝမ်းနည်းနေရှာတယ်။

“အစ်ကို … အစ်ကိုရယ် …



နန်းကို မသနားဘူးလားဟင်၊

ဘာကြောင့် ခုလို သူစိမ်းဆန်သွားရသလဲဟင်၊

နန်း … နန်းကို ကယ်ပါဦး အစ်ကိုရယ် …

ဟင့် … ဟင့် … ဟင့်”

မိန်းမပျိုရဲ့ချွဲပျစ်ပျစ်နဲ့ သနားစဖွယ်အသံထဲ တဒင်္ဂမှာ သူ မိန်းမောသွားမိတယ်။

ဒါပေမဲ့ သတိကို အမြန်ပြန်ထိန်းရင်း …

“မင်း ဘာတွေပြောနေတာလဲ၊

ငါ ဘာမှနားမလည်ဘူး၊

မင်း ဘယ်သူလဲ၊

ဘာကြောင့် ငါ့ကို နှောင့်ယှက်နေသလဲကွ”

မိန်းမပျိုက သနားစဖွယ် မျက်နှာထားနဲ့ …

“နန်းက … ငွေနန်းစံလေ အစ်ကိုရဲ့၊

ဘဝတွေ သိပ်ခြားခဲ့တဲ့အတွက်

အစ်ကိုက ဘာမှမသိတော့တာပါရှင်၊

www.burmeseclassic.com

www.burmeseclassic.com



ဘဝတစ်ခုမှာ အစ်ကို သိပ်မြတ်နိုးခဲ့တဲ့

ငွေနန်းစံပါ အစ်ကိုရယ် ...

ဟင့် ... ဟင့်"

မိန်းမပျိုရဲ့အပြောကြောင့် သူ့ရင်ထဲ ဆတ်ခနဲ တုန်သွားမိတယ်။

"ငွေနန်းစံ ... ဟုတ်လား

ဒါ ... ဒါပေမဲ့ ... ငါ ...

မင်းကို ဘယ်လိုမှ မမှတ်မိဘူး"

မိန်းမပျိုက သူ့မျက်နှာကို ဆွေးဆွေးလေး ငေးစိုက်ကြည့်နေရှာတယ်။

သူ့အနား တရွေ့ရွေ့တိုးလာရင်း သူ့လက်ကို ဆုပ်ကိုင်လိုက်တယ်။

"နန်းကို ယုံကြည်ရင် ...

နန်းရဲ့နောက်ကို လိုက်ခဲ့ပါ အစ်ကို၊

ပြီးမှ အစ်ကို စိတ်ရှိတိုင်း ဆုံးဖြတ်ပါရှင်၊



လာပါ အစ်ကို"

သူ့နှုတ်က ဘာမှပြန်မပြောမိပေမယ့် သူမ ခေါ်ဆောင်ရာကို တရွေ့ရွေ့ လိုက်ပါသွားမိတယ်။

ကွင်းပြင်ကြီးရဲ့အလယ် ... အဝေးဆီ လှမ်းကြည့်ရင် မီးသားတိမ်လိပ်တွေချည်း တွေ့ရတဲ့နေရာရောက်တော့ ...

မိန်းမပျိုက သူမရဲ့ညာလက်ကို ဝှေ့ယမ်းလိုက်တယ်၊

အခိုးငွေ့တွေရဲ့ကြားမှာ အရာဝတ္ထုတွေက တဖြည်းဖြည်း ပုံပေါ်လာတယ်။

ရေနံချေးပြည့်ဝနေတဲ့ ရှေးဟောင်းအိမ်ကြီးတစ်လုံး။

စုလစ်မွမ်းချွန်တွေနဲ့ ကျယ်ဝန်းတဲ့ ခြံကြီးရှေ့ ဘုတ်ပြားတစ်ခု ချိတ်ဆွဲထားတယ်။

ဘုတ်ပြားမှာတော့ ... 'ရွှေပလောင်စော်ဘွားကြီး စပ်ဟုန်ပွင့်ရဲ့ဟော်စံအိမ်' လို့ ရေးသားထားတယ်။

ညဉ့်အမှောင်မှာ လူရိပ်တစ်ခုဟာ စပ်ဟုန်ပွင့်ရဲ့စံအိမ်တော်နား ချဉ်းကပ်ပြီး ခြံထဲကို ကျော်ဝင်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက အနက်ရောင်ဝတ်စုံ ဝတ်ထားသလို အမှောင်ကို အားပြုပြီး အိမ်တော်နား ချဉ်းကပ်သွားတယ်။

အိမ်တော်ရဲ့အနီးဆုံးမှာရှိတဲ့ အပင်ကြီးပေါ် လွှားခနဲ ခုန်တက်ရင်း ကိုင်းဖျားထိ ရွှေ့လျားသွားပြန်တယ်။

ကိုင်းဖျားရဲ့ ဘေးမှာရှိတဲ့ ပြတင်းပေါက်တစ်ခု။

ဝတ်စုံနက်နဲ့လူက ပြတင်းတံခါးကို ခဲနဲ့ ခေါက်ခနဲ ပေါက်လိုက်တယ်။

မကြာခင် ပြတင်းတံခါး ပွင့်သွားပြီး မိန်းမပျိုတစ်ဦးကို တွေ့လိုက်ရတယ်။

ထိုမိန်းမပျိုက အံ့အားသင့်ဟန်နဲ့ ဝတ်စုံနက်နဲ့လူကို ကြည့်ရင်း ...

"အို အမှောင် ... အမှောင်
ရောက်လာတယ်နော်"

လို့ ရေရွတ်လိုက်တယ်။

ဝတ်စုံနက်လူက ပြတင်းပေါက်ဆီ လွှားခနဲ ကျော်ဝင်



လိုက်တယ်။

"ရောက်လာတာပေါ့ နန်းရယ်၊
နန်းရဲ့မျက်နှာလေးကို မတွေ့ရတာ
အမှောင် ကြာရောပေါ့၊
ဒါ့ကြောင့်လည်း အမှောင့်အသက်ကို
ဖက်ရွက်လေးလို သဘောပိုက်ပြီး
သေသေကျေကျေ နန်းရဲ့ဟော်ထဲ
ရောက်အောင် လာခဲ့တာပါကွယ်"
"အမှောင်ရယ် နန်းတို့ဟော်ထဲမှာက
အမှောင့်အတွက် -နေရာတိုင်း
အန္တရာယ်တွေကြီးပါပဲကွယ်၊
အမှောင် အမြန်ဆုံး ပြန်ပါနော်၊
ဒီသတင်းသာ နန်းရဲ့အဖသိသွားရင်
အမှောင့်အတွက် ရင်လေးစရာပါပဲကွယ်၊
ပြန်ပါအမှောင် ... နော်"

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံနက်နဲ့လူက နန်းရဲ့ခါးကို ဆွဲဖက်ရင်း ရင်ချင်း
အပ်လိုက်တယ်။

"နန်း ... အမောင့်ကိုပြောပါ နန်း၊
နန်းက ရွှေပလောင်စော်ဘွားရဲ့သမီးဖြစ်သလို
အမောင်ကလည်း သီပေါသိဒ္ဓိစော်ဘွားကြီးရဲ့
သားပါ၊ အမောင့်ဘက်က ရွှေလမ်းဖောက်ဖို့
အသင့်ဖြစ်နေပေမယ့် ဘာကြောင့် ...
နန်းရဲ့အဖက ပလောင်မျိုးစွဲပြီး
အမောင့်ကို လက်မခံနိုင်ရတာလဲကွယ်၊
အမောင့်ရင်ထဲ မချည့်ဘူး နန်းရယ်၊
နန်းရဲ့အဖ ရွှေပလောင်စော်ဘွား
စပ်ဟုန်ပွင့်ကြောင့် အမောင်တို့
ချစ်လျက် ခွဲကြရမှာလားကွယ်၊
နန်း ... အမောင့်ကို ချစ်ရင်
အမောင့်နောက် လိုက်ခဲ့ပါတော့ကွယ်၊



နန်းနဲ့အမောင်လေ ဘယ်လိုမှ ခွဲမနေနိုင်ဘူး
နန်းရယ် ... နော်"

ချစ်ဦးသူရဲ့စကားကြောင့် ငွေနန်းစံက သူ့ရင်ခွင်ထဲက
ရုန်းထွက်လိုက်တယ်။

"အမောင့်ရဲ့စကားက မမှားပါဘူး
အမောင်၊ အမောင်နဲ့သာ ခွဲရရင်
နန်းလည်း ရင်ကွဲနာကျပြီး
သေဆုံးနိုင်ပါတယ် အမောင်ရယ်၊
ဒါပေမဲ့ ... လက်ရှိအခြေအနေက
အဖရဲ့အရေးက သိပ်ကြီးနေတယ်၊
အမောင့်ကို နန်း ကတိပေးပါတယ်နော်၊
အမောင့်နောက်ကို နန်း ဖြစ်တဲ့နည်းနဲ့
လိုက်လာပါ့မယ်၊ ခုတော့ ...
အမောင် ပြန်နှင့်ဦးနော်၊
နန်းကို သိပ်မြတ်နိုးရင်

www.burmeseclassic.com

www.burmeseclassic.com



ပြောတာနားထောင်ပါ အမောင်ရယ် ...

နော်"

ဝတ်ရုံနက်နဲ့လူက ငွေနန်းစံရဲ့မျက်နှာကို စူးစိုက်ကြည့်ရင်း မျက်ရည်တွေ ရစ်ဝဲနေရှာတယ်။

ဆုံးဖြတ်ချက်ကို ပိုင်နိုင်စွာ ချလိုက်ဟန်နဲ့ ...

"ကောင်းပါပြီ နန်းရယ်၊

နန်းရဲ့စကားကို ကိုယ် နားစိုက်ပါ့မယ်၊

ဟိုမှာကြည့်စမ်း နန်း ...

ဟောဒီ သစ်ပင်ကြီးဟာလေ

အရိုးပြိုင်းပြိုင်းကျပြီး အိုမင်းရင့်ရော်ချိန်ထိ

ရွှေပလောင်စော်ဘွားသမီး ငွေနန်းစံနဲ့

သီပေါစော်ဘွားသား စပ်ခွန်တို့ရဲ့မေတ္တာတရားက

ဘယ်တော့မှ သေဆုံးမှာမဟုတ်ပါဘူး၊

အမောင်လေ ... ဟောဒီ သစ်ပင်ကြီးကို

တိုင်တည်ပြီး သစ္စာပြုခဲ့ပါတယ် နန်းရယ်"



ချစ်ဦးသူရဲ့ သစ္စာတရားကို သိလိုက်ရတဲ့ ငွေနန်းစံတင်ယောက် မျက်ရည်ဖြိုင်ဖြိုင်ကျရင်း စပ်ခွန်ရဲ့ရင်ခွင်ထဲ ခေါင်းတိုးဝင် ငိုရှိုက်လိုက်မိတယ်။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၁)

ချစ်သူနှစ်ဦး ပူဆွေးသောကရောက်နေချိန်မှာပဲ ခရာမှုတ်သံကြားလိုက်ရတယ်။

ခရာသံကြောင့် ငွေနန်းစံရဲ့ခေါင်း ဆတ်ခနဲ ထောင်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အ ... အမောင် ... ဒါ ... ဒါ

အဖရဲ့လူတွေ အချက်ပေးသံပဲ

အမောင်ရဲ့၊ ဟော်ထဲကို

သူစိမ်းဝင်တာ သူတို့

ရိပ်စားမိသွားပြီ၊

အမြန်ပြန်ထွက်ပါ အမောင်၊

ပြန်ပါ အမောင်ရယ်"

ငွေနန်းစံက ချစ်ဦးသူ စပ်ခွန်ရဲ့လက်မောင်းအစုံကို လှုပ်ကိုင်ရင်း စိုးရိမ်တကြီး ရေရွတ်လိုက်တယ်။

စပ်ခွန်က ယောကျ်ားပီသစွာ ပြုံးလိုက်ရင်း ...

"ကိုယ်က ယောကျ်ားပါ နန်းရယ်၊

ပြီးတော့ ... ကိုယ်တန်ဖိုးအထားဆုံးက

ချစ်ခြင်းမေတ္တာပါပဲ၊

ချစ်ခြင်းမေတ္တာကြောင့် ကိုယ့်အသက်

သေဆုံးရလည်း ပြုံးပြုံးလေးပါပဲ၊



နန်းရဲ့အငွေ့အသက်တွေအောက်မှာပဲ

အမောင် သေဆုံးရတာ

ကျေနပ်မှာပါကွယ်"

လို့ ပြောလိုက်တဲ့အခါ ငွေနန်းစံက လက်ညှိုးနဲ့ စပ်ခွန်ရဲ့နှုတ်ခမ်းကို ဖိကပ်ရင်း ...

"အို ... နိမိတ်မရှိတာ မပြောပါနဲ့

အမောင်၊ အမောင်မရှိရင် နန်းလည်း

မရှိဘူး သိလား၊ အိုကွယ် ...

အမောင့်ကို လုံးဝ အထိခိုက်မခံနိုင်ပါဘူး၊

အမောင် ... အချိန်ရှိတုန်း

အမြန်ပြန်ပါနော်၊ နန်း ... နန်း ...

တောင်းပန်ပါတယ်ကွယ်၊

ဟင့် ... ဟင့် ... ဟင့်"

စပ်ခွန်က ငွေနန်းစံရဲ့ မျက်ရည်စတွေကို တုန်ယင်တဲ့လက်နဲ့ သုတ်ပေးလိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



"မငိုပါနဲ့ နန်းရယ်၊ နင့်ရဲ့ဆန္ဒအတိုင်း

အမောင် ပြန်ပါ့မယ်ကွယ်၊

နန်းရဲ့မျက်ရည်တစ်စက်ဟာ ...

ပူပြင်းလွန်းလှပါတယ်၊

နှုတ်ဆက်ပါတယ် နန်းရယ်၊

အမောင့်ဆီ အရောက်လာပါနော်၊

စက္ကန့်တိုင်း အမောင်လေ ...

နန်းကို စောင့်မျှော်နေပါ့မယ်၊

အမောင်တို့ စတွေ့ကြတဲ့ ...

ဘော်ကြိုဘုရားမှာပေါ့ နန်းရယ် ... နော်"

စပ်ခွန်က ထိုသို့ဆိုပြီး ချစ်ဦးသူကို ရင်ခွင်ထဲက ခွာလိုက်တယ်။

ပြီးတော့ ငုင်းတက်ခဲ့တဲ့ အပင်ကြီးကနေ အောက်ကို ကျွမ်းကျင်စွာ ပြန်ဆင်းလိုက်တယ်။

ငုင်းအပင်အောက်သို့ရောက်သည်နှင့်တစ်ပြိုင်နက်



ထက်မြနေတဲ့ ဓားရှည်တွေက သူ့ရဲ့ဇက်ပိုးပေါ် အုပ်မိုးကျလာတယ်။

"ဟော်ထဲ ခိုးဝင်တဲ့ကောင်၊

ခိုးသားအတွက် ဟော်ထဲမှာ

နေရာမရှိဘူးကွ၊ ထိုက်သင့်တဲ့ပြစ်ဒဏ်

ခံရမယ်"

ကြမ်းတမ်းတဲ့ စကားသံနဲ့အတူ လူသန်ကြီးလေးယောက်က စပ်ခွန်ကို တရွတ်ဆွဲ ခေါ်သွားတယ်။

ဟော်နန်းတော်ကြီးရဲ့အတွင်းရောက်တော့ လူသန်ကြီးတွေက သူ့ကို ဆောင့်တွန်းလိုက်တယ်။

သူလည်း အရှိန်နဲ့ ကြမ်းပေါ် ဝမ်းလျားမှောက်လဲကျသွားတယ်။

ပြန်ထဖို့ ကြိုးစားစဉ်မှာပဲ ခြေထောက်တစ်စုံကို တွေ့လိုက်ရတယ်။

တစ်ဆက်တည်းဆိုသလို လက်ခုပ်တီးသံကိုပါ ကြား

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတယ်။

ဖျောင်း ... ဖျောင်း ... ဖျောင်း ... ဖျောင်း

"ဂုဏ်ယူပါတယ်ကွာ၊

ငါ့ရဲ့အစောင့်ကြပ်သိပ်များတဲ့ ဟော်ထဲကို

အရောက်ဝင်နိုင်ခဲ့လို့ပါ၊

ကဲ ... ကဲ ... ထပါဦးကွ"

မော်ကြည့်လိုက်တော့ ရွှေပလောင်စော်ဘွားကြီး စပ်ဟုန်ပွင့်ကို တွေ့လိုက်ရတယ်။

စပ်ဟုန်ပွင့်က ၎င်းရဲ့နှုတ်ခမ်းမွေးကားကားကြီးကို လက်နဲ့သပ်ရင်း မဲ့ပြုံးနဲ့ ကြည့်နေတယ်။

သူက လဲနေရာက ထရပ်လိုက်တယ်။

"လူငယ်ချင်း မေတ္တာမျှလို့

တစ်ယောက်ကိုတစ်ယောက်က တွေ့ချင်တာ

အပြစ်လားဗျ၊ ကျုပ် ဟော်ထဲခိုးဝင်တာ

ပစ္စည်းခိုးဖို့မဟုတ်ဘူး၊ ကျုပ်ရဲ့ချစ်သူ



ငွေနန်းစံရဲ့မျက်နှာလေးကို မြင်ချင်လို့ဗျ"

သူ့ရဲ့မကြောက်မနပ်ရေရွတ်သံကြောင့် စော်ဘွားကြီးက မျက်မှောင်ကြုတ်ကြည့်တယ်။

"ဒါကြောင့် ဂုဏ်ယူတယ်လို့ ပြောတာပေါ့ကွ၊

မင်းဟာ ငါ့ရဲ့စည်းကမ်း တားမြစ်ချက်ကို

ဖောက်ဖျက်ပြီး ငါ့ပိုင်နက်ကို

အရဲဝင်ခဲ့တယ်၊ တို့မျိုးရိုးမှာ

တခြားသွေး အရောမခံဘူးကွ၊

ဒါကြောင့် မင်းကို အပြီးအပြတ်

ပြောခဲ့ပြီးပြီ၊ ငါ့သမီးနဲ့ လုံးဝ

ပတ်သက်မှုမရှိပါနဲ့လို့၊

မင်းဟာ သိပ်အတင့်ရဲတဲ့ကောင်ပဲကွ၊

ဒီတော့ ငါကလည်း မင်းကို

ထိုက်သင့်တဲ့ အပြစ်ပေးရမယ်၊

ဟော့ ... ဒီကောင့်ကို မြေတိုက်ခန်းထဲ

www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွားကြစမ်း”

စော်ဘွားကြီးရဲ့အမိန့်ကြောင့် လူသန်ကြီးတွေက သူ့ကို ဆတ်ခနဲ ဆွဲလိုက်ကြတယ်။

လူသန်ကြီးတွေဟာ ဟော်ရဲ့တစ်နေရာမှာရှိတဲ့ ကြောင် လိမ်လှေကားကြီးအတိုင်း သူ့ကို တရွတ်ဆွဲချသွားတယ်။

ဖခင်ကြီးရဲ့တပည့်တွေနောက် ထက်ကြပ်မကွာ မှောင် ရိပ်ခိုလိုက်ပါရင်း စိတ်လှုပ်ရှားနေသူက ငွေနန်းစံပင်။

“ကဲဟေ့ … တို့ဟော်ထဲခိုးဝင်ပြီး

စော်ဘွားကြီးရဲ့အမိန့်ကို သွေဖီတဲ့ကောင်ကို

လက်ပြန်ကြိုးတုပ်လိုက်စမ်းကွ”

ကျန်လူသန်ကြီးနှစ်ဦးက သူ့ကို လက်ပြန်ကြိုးတုပ်ကြ တယ်။

ဒီအချိန်မှာပဲ မြေတိုက်ထဲရှိ မြေပြင်နဲ့တစ်သားတည်းဖြ လုပ်ထားတဲ့ ကျောက်အဖုံးကြီးဟာ ကျွီခနဲ ဘေးကို ပွင့်သွား တယ်။



လူသန်ကြီးတွေက သူ့ကို ကျောက်တံခါးကြီးရဲ့ထိပ်ဆီ ဆွဲခေါ်သွားပြီး …

“အနူလက်နဲ့ ရွှေခွက်နှိုက်ချင်တဲ့

ငမိုက်သား … တို့သခင်ကြီးက

အကြိမ်ကြိမ် သတိပေးထားလျက်နဲ့

ပမာမခန့်ပြုဝံ့တဲ့ ငမိုက်သား၊

မင်းဟာ ဒီအချိန်ကစပြီး

ရွှေပလောင်စော်ဘွားကြီး စပ်ဟုန်ပွင့်ရဲ့

မြေတိုက်ခန်းထဲမှာ အရှင်လတ်လတ်

မြေမြှုပ်ခံရပြီကွ … မြေမြှုပ်ခံရပြီ”

လူသန်ကြီးခေါင်းဆောင်က ထိုသို့ပြောရင်း သူ့ကို ဆောင့်တွန်းလိုက်တော့တယ်။

လက်ပြန်ကြိုးအတုပ်ခံထားရတဲ့အတွက် သူက ခေ ဟစ်ငြင်းဆန်ချိန်မရလိုက်ပါဘဲ ကျင်းကြီးထဲကို ပြုတ်ကျသွား ရှာတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



"အား" ...ခနဲ အော်ဟစ်လိုက်တဲ့ သူ့ရဲ့အသံက ဟော်နန်းဆောင်ကြီးတစ်ခုလုံး ပဲ့တင်ထပ် မြည်ဟီးသွားတော့တယ်။

❒❒❒

# အပိုင်း (၁၂)

www.burmeseclassic.com

www.burmeseclassic.com

"အား ...

မလုပ်နဲ့ ... မလုပ်နဲ့"

နေမွန်တစ်ယောက် အသံကုန်အော်ဟစ်ရင်း ရုန်းကန်

လိုက်မိတယ်။



စောင်ပုံကြီးထဲ သူ ရုန်းကန်နေမိသလို တစ်ကိုယ်လုံး

ချွေးစေးပြန်နေပြီ။

ပြူးကြောင်တဲ့မျက်လုံးနဲ့ ပတ်ဝန်းကျင်ကိုကြည့်ရင်း

ဝါးပြင်ကို စမ်းမိသွားတယ်။

"ဟင် ... ငါ ... ငါ့ပါးမှာ

မျက်ရည်တွေလား၊

ငါ အိပ်မက်မက်နေတာလား၊

သိပ်ကြောက်ဖို့ကောင်းတဲ့ အိပ်မက်ပဲ၊

ဘုရား ... ဘုရား"

ထိုသို့ ထိတ်လန့်တကြီး တွေးလိုက်မိစဉ်မှာပဲ ...

ဒေါက် ... ဒေါက် ... ဒေါက် ... ဒေါက်

အသံကြောင့် ကြောက်စိတ်ဝင်နေတဲ့ သူဟာ ဆတ်ခနဲ

တုန်သွားမိတယ်။

တံခါးပေါက်ရှိရာ ချဉ်းကပ်သွားမိတဲ့ ခြေလှမ်းက မှ

မမှန်ချင်။

www.burmeseclassic.com

www.burmeseclassic.com



ကြောက်စိတ်နဲ့အတူ မျက်လုံးမှိတ်ရင်း တံခါးကို ဆွဲဖွင့်လိုက်တယ်။

စိတ်ထဲမှာတော့ ဘုရားကိုသာ အာရုံပြုထားမိတယ်။

မွှေးပျံ့ပြီး ဆွဲဆောင်မှုရှိလွန်းတဲ့ ရေမွှေးနံ့က နှာခေါင်းထဲ တိုးဝင်လာတယ်။

"ကိုနေမွန် ... အစ်ကို ... အစ်ကို၊

ဘာဖြစ်နေတာလဲဟင်"

အသံကြောင့် မျက်လုံးကို ဆတ်ခနဲ ဖွင့်ကြည့်မိတယ်။

"အစ်ကို ဘာဖြစ်နေတာလဲလို့၊

မျက်လုံးကြီးမှိတ်လို့လေ"

ရွှေကြာမှုံရဲ့ စိုးရိမ်တကြီးမျက်နှာလေးကြောင့် သူ့ကိုယ်သူ ရှက်ရွံ့သွားမိသလို ခံစားလိုက်ရတယ်။

"အို ... အဲ ... ဘာမှမဖြစ်ပါဘူး၊

ခုမှ အိပ်ရာနိုးလို့ပါ၊

လာပါ မှုံ ... လာပါ"



ရွှေကြာမှုံက အခန်းထဲဝင်ပြီး ဆက်တီမှာ ထိုင်လိုက်တယ်။

"ခဏနော် မှုံ ... ကိုယ်

မျက်နှာလေး သစ်ချင်လို့၊

ပြီးရင် မှုံ့အတွက် ကော်ဖီဖျော်ခဲ့မယ်နော်"

ရွှေကြာမှုံက ခေါင်းညိတ်ရင်း ပြုံးပြတဲ့အတွက် မီးဖိုဆောင်ဘက် သူ အမြန်သွားလိုက်တယ်။

ဘေစင်မှာ မျက်နှာကို ကပျာကယာသစ်ပြီး ကော်ဖီနှစ်ခွက်ကို အမြန်ဖျော်လိုက်တယ်။

ပြီးတော့ ကော်ဖီခွက်တွေကို သွက်လက်စွာသယ်သွားရင်း ...

"ကိုယ့်လက်ရာ ကော်ဖီလေး

သောက်ကြည့်ပါဦး မှုံ၊

တစ်ခါသောက်ပြီးရင် စွဲသွားလို့

အမြဲလာသောက်ချင်နေလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ရွှေကြာမှုံက သူ့ကို ပြုံးကြည့်ရင်း ...

"အပြောင်းလဲမြန်လှချေလား ကိုနေမွန်ရဲ့၊

ခုန ... တံခါးလာဖွင့်တုန်းကတော့

သိပ်ကြောက်နေတဲ့ မျက်နှာကြီးနဲ့၊

ခုတော့ ... သူ မဟုတ်သလိုပါပဲလား၊

ဟင်း ... ဟင်း"

ကော်ဖီခွက် လှမ်းယူရင်း ပြောလိုက်တဲ့ ရွှေကြာမှုံ့စကား

ကြောင့် သူ မျက်နှာပျက်သွားတယ်။

ဒါကို ရိပ်စားမိတဲ့ ရွှေကြာမှုံက ...

"ဟောတော့ ... မျက်နှာက

ချက်ချင်း ပြောင်းသွားပြန်ပြီ၊

အစ်ကို ... တစ်ခုခု ဖြစ်နေပြီထင်တယ်"

လို့ သံသယအကြည့်နဲ့ မေးလာတယ်။

နေမွန်က ဆက်တီမှာ ဝင်ထိုင်လိုက်တယ်။

"ဟုတ်ပါတယ် မှုံ၊



ကိုယ် မကြုံဖူးတာ ကြုံနေရတယ်၊

မမက်ဖူးတဲ့ အိပ်မက်တွေ မက်နေရတယ်၊

မှုံ စိတ်ဝင်စားရင် ကိုယ့်ရဲ့အိပ်မက်အကြောင်း

ပြောပြချင်မိတယ် ... မှုံ"

ရွှေကြာမှုံက ကော်ဖီကို တစ်ငုံမျှ သောက်နေရာက သူ့

ထံ စိတ်ဝင်တစား ငေးစိုက်ကြည့်လာတယ်။

"ရပါတယ် အစ်ကို၊

မှုံ ဒီနေ့ ဂျူတီအော့ဖ်ပါ၊

အစ်ကို့အိပ်မက်ကို မှုံလည်း

စိတ်ဝင်စားမိတယ်၊

ပြောပြပါနော်"

နေမွန်က သက်ပြင်းသဲ့သဲ့ချလိုက်တယ်။

"ဒီလိုပါ ... မှုံ၊ ကိုယ် ညက

အိပ်မက်လိုလို၊ တကယ်လိုလို

အဖြစ်နဲ့ ကြုံလိုက်ရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပြောဖူးတယ် မဟုတ်လား၊
ကိုယ့်ဆီ ငိုပြီး အမြဲလာတဲ့ မိန်းကလေး၊
ညက ကိုယ့်ဆီရောက်လာတယ်၊
ပြီးတော့ တစ်နေရာကို ခေါ်သွားတယ်၊
ခြံဝန်းကျယ်ကြီးထဲ ကျော်ခွဝင်နေတဲ့
လူတစ်ယောက်၊ အံ့သြဖို့ကောင်းတာက
သူ့မျက်နှာဟာ ကိုယ့်မျက်နှာအတိုင်းပဲ၊
ဘာမှကွာခြားချက်မရှိဘူး မွှံ"

နေမွန်က ထိုသို့ အစချီရင်း အိပ်မက်အကြောင်း ပြောပြလိုက်တယ်။

ရွှေကြာမွှံက မျက်မှောင်ကြုတ် နားထောင်ရင်း ...
"အင်း ... အစ်ကိုပြောပုံ ကြည့်ရရင်
အိပ်မက်အရ အစ်ကိုဟာ
လူဝင်စားပဲရှင့်၊
ချစ်သူနဲ့ ခိုးဝှက်ပြီး တွေ့ချိန်မှာ



သူမိဘ သိလို့ အရှင်လတ်လတ်ကြီး
ဂူသွင်းမြေမြှုပ်ခံလိုက်ရတယ်၊
အစ်ကိုရဲ့အသိစိတ်မှာ ဘယ်ဘဝရောက်ရောက်
ဒီအကြောင်းဟာ ဖျောက်လို့ရမှာ
မဟုတ်ဘူးရှင့်၊ ဒါပေမဲ့ ...
ထူးဆန်းတာက ... အရင်က
သူ ရောက်မလာဘဲ ခုမှ ဘာလို့
ရောက်လာရတာလဲ"

လို့ မေးလိုက်တဲ့အခါ နေမွန်က သက်ပြင်းရှိုက်လိုက်မိတယ်။

"ကိုယ်လည်း ဒါကို တွေးမရ
ဖြစ်နေတာ မွှံ၊ ကိုယ့်ဘဝမှာ
ဒီလိုခြောက်လှန့်ခံရတာတွေ၊
ထူးဆန်းတဲ့ အိပ်မက် မက်တာတွေက
ဟောဒီ ကွန်ဒိုကို ရောက်တဲ့နေ့မှာပဲ

www.burmeseclassic.com

www.burmeseclassic.com



စကြဲ့တွေ့ဖူးတာပါ၊
ဘာကြောင့်လဲဆိုတဲ့အတွေး
ကိုယ့်ခေါင်းထဲမှာ ရှိတယ် မှုံ၊
ပြီးတော့ ... သူကရော ဝိညာဉ်လား၊
သိုက်ကလား၊ သူရော ဘာကြောင့်
လူ့လောကကို ရောက်မလာရတာလဲ၊
လုံးဝစဉ်းစားလို့မရဘူးကွာ”

နေမွန်ရဲ့ စိတ်ညစ်ညူးဟန်ကြောင့် ရွှေကြာမှုံက သတ်
ပြင်းချလိုက်မိတယ်။

“ကဲပါ အစ်ကိုရယ် ... ဒါတွေ
စဉ်းစားမနေပါနဲ့တော့ရှင်၊
ဒီနေ့ရဲ့ နေ့လယ်စာကို
မှုံ ချက်ပေးမယ်၊
ဟင်းချက်စရာတွေ ရှိတယ်မဟုတ်လားဟင်”

သူမဆီက မမျှော်လင့်တဲ့ စကားကြောင့် နေမွန်က သူ



ကို အံ့အားသင့်ဟန်နဲ့ ခေါင်းမော့ကြည့်တယ်။

“အစ်ကို ... မှုံပြောတာ ကြားရဲ့လားဟင်၊
ချက်စာတွေ အိမ်မှာရှိလားလို့”

ဒီအခါမှ နေမွန်ဟာ သတိပြန်ဝင်လာပြီး ...

“ဪ ... ရှိပါတယ်၊
ရေခဲသေတ္တာထဲမှာ ကြက်သားရော၊
အရွက်တွေပါ ရှိတယ်၊
မှုံ ချက်ချင်လို့သာ ပြောရတာပါ၊
ကိုယ် အရမ်းအားနာမိတယ် မှုံ”
လို့ ပြောလိုက်မိတယ်။

“အားနာစရာမလိုပါဘူး အစ်ကိုရယ်၊
အစ်ကိုရဲ့ရိုးသားမှု၊ စိတ်ထားကောင်းမှုတွေဟာ
အစ်ကို့ရဲ့မျက်နှာမှာ စာဖတ်လို့ရပါတယ်၊
မှုံက မောင်နှမ,မရှိတဲ့
တစ်ကောင်ကြွက်ပါ အစ်ကို၊

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုတစ်ယောက်လို ခင်မင်လို့

လုပ်ပေးချင်တာပါ၊

မငြင်းပါနဲ့ အစ်ကိုရယ်"

နေမွန်က ရွှေကြာမှုံရဲ့မျက်နှာလေးကို ငေးစိုက်ကြည့်နေမိတယ်။

တစ်ဦးတည်းသော သားဖြစ်တဲ့ သူ့အတွက် ဒါဟာ သူစိမ်းမိန်းကလေးတစ်ဦးရဲ့ ပထမဆုံး နွေးထွေးမှုပင် မဟုတ်ပါလား။

# အပိုင်း (၁၃)

www.burmeseclassic.com

www.burmeseclassic.com

"အား ... စာလို့သိပ်ကောင်းတာပဲ
မှုရာ၊ ထမင်းတွေ အများကြီး
ဆွဲပစ်လိုက်တာ ဗိုက်ကို
တင်းကားသွားတာပဲကွာ"



နေမွန်က ဗိုက်ကိုပွတ်ရင်း ပြောလိုက်တယ်။

ရွှေကြာမှုံက ပန်းကန်များကို သိမ်းဆည်းရင်း ပြုံးပြပြီး မီးဖိုချောင်ဘက် ထွက်သွားတယ်။

ဘောစင်မှာ ပန်းကန်အပေတွေတင်ပြီး တစ်ခုချင်းစီ ဆေးကြောလိုက်တယ်။

ရွှေကြာမှုံဟာ ယောက်ျားပီသပြီး ရိုးရှင်းတဲ့ မျက်နှာပိုင်ရှင် နေမွန်ရဲ့အကြောင်းတွေးရင်း ကြည်နူးစွာ ပြုံးလိုက်မိတယ်၊

ဒီအချိန်မှာပဲ ...

"နင်ဟာ ဘာမှ ငါ့ချစ်သူကို
စိတ်ကူးယဉ်စရာ အကြောင်းမရှိဘူး၊
စပ်ခွန်ဆိုတဲ့ ယောက်ျားတစ်ယောက်ဟာ
ဘယ်ဘဝရောက်ရောက် ...
ဘယ်အခြေအနေဖြစ်ဖြစ် ...
ငါ့ရဲ့ချစ်သူပဲ ဖြစ်ရမယ်"

ကြောက်မက်ဖွယ်အသံကြီးကြောင့် ရွှေကြာမှုံဟာ လန့်

www.burmeseclassic.com

www.burmeseclassic.com



ဖျပ်ပြီး ပန်းကန်ကို လွှတ်ချလိုက်မိတယ်။

ဘေစင်ရှိ ကြည့်မှန်ကို ကြည့်လိုက်တော့ ဆံပင်ဖိုးရိုး ဖားရားနဲ့ သူမကို စိုက်ကြည့်နေတဲ့ ဝိညာဉ်မ။

ဝိညာဉ်မက သူမကို စူးစိုက်ကြည့်ရင်း လက်ညှိုးထိုး လိုက်တယ်။

"နင် ... ကြပ်ကြပ်သတိထား၊

ငါ ... သတိပေးပြီးပြီ၊

ငါ့အဆိုးမဆိုနဲ့"

ဝိညာဉ်မရဲ့ခြိမ်းခြောက်သံကြောင့် သူမ အသက်ရှူရပ် မတတ် ထိတ်လန့်သွားမိတယ်။

ဒီအချိန်မှာပဲ ...

"မှို ... မှို ... ဘာဖြစ်တာလဲ၊

ပန်းကန်ကျကွဲသံကြားလို့

ကိုယ် ပြေးလာတာ၊

ဘယ်နေရာ ထိသွားသေးလဲဟင်"



နေမွန်က သူမ,ဆီ ပြေးလာရင်း စိုးရိမ်တကြီး မေးလာ တယ်။

"ဘာ ... ဘာမှမဖြစ်ပါဘူး

အစ်ကို၊ လန့်ပြီးတော့

ပန်းကန်ပဲ ကျကွဲသွားတာပါ"

နေမွန်က သူမကို လက်ဆွဲစေပြီး ဧည့်ခန်းထဲ ခေါ် သွားတယ်။

ဆက်တီမှာ ထိုင်ဖြစ်ကြတော့ ...

"ဟို ... ဟိုလေ ...

အစ်ကိုရဲ့ ဘဝဟောင်းက

မိန်းကလေးကို ခုနက

မှန်ပေါ်မှာ တွေ့လိုက်တယ်"

ရွှေကြာမှိုရဲ့အပြောကြောင့် နေမွန် မျက်မှောင်ကြုတ် သွားတယ်။

"ဘယ်လို ... မှို တွေ့လိုက်တယ်

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား”

“ဟုတ်တယ် အစ်ကို၊ အစ်ကို့ဘေးမှာ

မှုံ့ရှိနေတာကို သူ ကြိုက်ပုံမရဘူး၊

မှုံ့ ... မှုံ့ကို လာပြီး သတိပေးသွားတယ်”

နေမွန်က ရွှေကြာမှုံ့ကို အကြီးအကျယ် အားနာသွားမိတယ်။

“ဒါတော့ ... အဓိပ္ပာယ်မရှိဘူးကွာ၊

ကိုယ့်ကိစ္စက မှုံ့နဲ့ ဘာပတ်သက်လို့လဲ၊

တောက်”

“အစ်ကို့အနေနဲ့ ဒီကိစ္စကို

နားလည်ရခက်မယ်ဆိုတာ

သိပါတယ်၊

မှုံ့ကတော့ သိနေတယ် အစ်ကိုရဲ့၊

ဝိညာဉ်ပဲဖြစ်ဖြစ်၊ လူသားပဲဖြစ်ဖြစ်

မိန်းမဟာ မိန်းမပါပဲ အစ်ကို၊



မိန်းမတစ်ယောက်ရဲ့စိတ်ထဲမှာ

သူတို့ သိပ်ချစ်တဲ့လူကို

ဝန်တိုတတ်တာ သဘာဝပါပဲရှင်၊

ဒါကြောင့်ပါ၊ ကဲ ... အစ်ကို

စကားကောင်းပေမယ့် ဝယ်စရာလေးတွေရှိလို့

မှုံ့ ပြန်တော့မယ်နော်”

“ဟုတ်ပါပြီ မှုံ့ရယ်၊

ဒါဆိုလည်း ကိုယ် အောက်ထိ

လိုက်ပို့ပေးမယ်နော်”

ဒီနောက်မှာတော့ နေမွန်နဲ့ရွှေကြာမှုံ့ဟာ ဓာတ်လှေကားကနေ အောက်ကို ဆင်းခဲ့ကြတယ်။

ဓာတ်လှေကားရောက်တော့ ...

“ဟာ ... ဓာတ်လှေကားစက်

ကြောင်ပြီထင်တယ်၊

ကိုယ်နှိပ်ထားတာက ဂျီကိုလေ၊

www.burmeseclassic.com

www.burmeseclassic.com



သူက အပေါ်ကို တက်နေတယ် မို့"

နေမွန့်အပြောကြောင့် ရွှေကြာမှူ သတိထားမိလိုက်တဲ့ အခါ ...

"ဟုတ်တယ် အစ်ကို၊

အခု ရှစ်လွှာရောက်နေပြီ၊

ကြည့်ပါဦး အစ်ကို၊

အောက်ကို ပြန်ဆင်းနေပြီ"

နေမွန်က လန့်ဖျပ်ပြီး ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားတယ်။

အရေးပေါ် ခလုတ်ကိုနှိပ်ပေမယ့် ဘာအသံမှ ထွက်မလာဘူး။

ဓာတ်လှေကားက ငါးလွှာမှာ ပြန်ရပ်သွားပြီ။ ကျွိ ... ခနဲ တံခါးပွင့်သွားတယ်။

"ဘာဖြစ်တာလဲ မသိဘူး မို့၊

ကိုယ့်အလွှာမှာပဲ ဓာတ်လှေကားက



ပြန်ပွင့်သွားတယ်"

နေမွန်ရဲ့အံ့အားသင့်အပြောကြောင့် ရွှေကြာမှူဟာ တစ်ခုံ တစ်ရာကို တွေးမိသွားတယ်။

ဒါ့ကြောင့် နေမွန့်လက်ကို ဆွဲပြီး အပြင်ကို အလျင်အမြန် ထွက်လိုက်တယ်။

"မို့တို့ လှေကားကပဲ ဆင်းရအောင် အစ်ကို"

သူမရဲ့စကားနဲ့အတူ နှစ်ယောက်သား လှေကားအတိုင်း ဆင်းလိုက်ကြတယ်။

အောက်ရောက်တဲ့အခါ ရွှေကြာမှူက ...

"ဓာတ်လှေကားက စက်ကြောင်တာ

မဟုတ်ဘူး အစ်ကို၊ ဒါဟာ ...

အစ်ကိုရဲ့ဘဝဟောင်းက ချစ်သူ

နှောင့်နေတာ၊ ဓာတ်လှေကားထဲမှာ

ဆက်နေရင် အပေါ်တက်လိုက်

အောက်ဆင်းလိုက်နဲ့ပဲ ဖြစ်နေမှာလေ"

www.burmeseclassic.com

www.burmeseclassic.com


"ဖြစ်နိုင်ပါ့မလား မှုံရယ်၊

အပေါ်လွှာတွေက တစ်ယောက်ယောက်

နှိပ်သွားလို့လည်း အပေါ်ရောက်သွားတာ

ဖြစ်နိုင်တာပဲလေ၊

ဒါပေမဲ့ ... ထူးဆန်းတာက ...

ကိုယ့်ရဲ့အလွှာရောက်မှ စက်ရပ်ပြီး

တံခါးပွင့်သွားတာပဲ၊

ကိုယ့်အလွှာမှာက ဘယ်သူမှ

ဓာတ်လှေကား စီးမယ့်လူ မရှိဘူး၊

ကိုယ့်အခန်းရယ်၊ ဘေးခန်းဆိုတာကလည်း

လူမှမနေပဲကွာ၊ ကဲပါကွာ ...

မှုံ နောက်ကျနေပြီ၊

ကိုယ် တက်စီးငှားပေးမယ်နော်"

နေမွန်က တက်စီတစ်စီးလှမ်းတားပြီး ရွှေကြာမှုံကို တ

ပေးလိုက်တယ်။

နေမွန်ရဲ့စိတ်ထဲမှာတော့ အိပ်မက်ထဲက အကြောင်းအရာတွေ၊ သူကြုံတွေ့နေရတာတွေ၊ နောက်ဆုံး ရွှေကြာမှုံ ကြုံခဲ့တဲ့ အဖြစ်အပျက်ကြောင့် တွေးမရနိုင်အောင် မွန်းကျပ်သွားရတယ်၊

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၄)

လမိုက်ညဖြစ်တာကြောင့် ပတ်ဝန်းကျင်တစ်ခု
ပိန်းပိတ်အောင် မှောင်မည်းနေချိန်။

ရွှေပလ္လောင်စော်ဘွားကြီး စပ်ဟုန်ပွင့်ရဲ့ ဟော်ဆောင်
ကြီးထဲမှာတော့ ရေနံဆီမီးခွက်လေးတစ်ခုက တလျှပ်လျှပ်

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ယမ်းနေတယ်။

မီးခွက်လေးကိုင်ရင်း မြေတိုက်ခန်းထဲ ဆင်းသွားသူ

ငွေနန်းစံပင်။

သူမရဲ့မျက်နှာမှာ စိုးရိမ်ဝမ်းနည်းမှုတွေ ယှက်သန်း

ရှာတယ်။

သူမဟာ မီးခွက်လေးကိုင်ရင်း မြေတိုက်ခန်းရဲ့ လှေကား

အတိုင်း တရွေ့ရွေ့ဆင်းသွားတယ်။

မြေတိုက်ခန်းထဲရောက်တော့ ကျောက်သလ္လာအဖုံးပြ

တစ်ခုကို ထိန်းချုပ်ထားတဲ့ မောင်းခလုတ်တံကို ဆွဲချလိုက်

တယ်။

ကျောက်နဲ့ ပြုလုပ်ထားတဲ့ အဖုံးကြီးဟာ တရွေ့ရွေ့

ပွင့်ဟသွားတယ်။

ငွေနန်းစံက ကျောက်အဖုံးကြီးရဲ့မြေကျင်းထဲ ငုံ့ကြ

ရင်းကနေ ဆောက်တည်ရာမဲ့ ဖြစ်သွားရှာတယ်။

မျက်လုံးအပြူးသားနဲ့ ပုပ်ပွပြီး သေဆုံးနေတဲ့ ချစ်သူ



ပ်အလောင်း။

"အ ... အမောင်ရယ် ... နန်း ...

နန်းရဲ့ရင်ထဲ ... ဝင်ကြည့်ပါဦးကွယ်၊

နန်းနဲ့ ပတ်သက်နေသူတွေကြောင့်

အမောင်ဟာ အရှင်လတ်လတ်ကြီး

မြေမြှုပ်အသတ်ခံရတယ်၊

နန်းနဲ့အမောင်ဟာ ခန္ဓာကိုယ်နှစ်ခု

ဖြစ်နေပေမယ့် နှာခေါင်းတစ်ပေါက်တည်းနဲ့

အသက်ရှင်နေသူပါကွယ်၊

ဒီတော့ ... အမောင်ရယ် ...

လူတွေကို ထိန်းချုပ်မှုပေးနိုင်တာလည်း

ချစ်ခြင်းတရားပါကွယ်၊

လူတွေကို ဆိုးသွမ်းမှုပေးနိုင်တာလည်း

ချစ်ခြင်းမေတ္တာတရားပါပဲ၊

လူတစ်ယောက်ရဲ့ရှင်သန်မှု၊ သေဆုံးမှုအားလုံးဟာ

www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းမေတ္တာ စွဲလမ်းခြင်းတွေနဲ့

သက်ဆိုင်ပါတယ် အမောင်၊

နန်းရဲ့ဆုံးဖြတ်ချက်ကို အမောင်

မတားဆီးပါနဲ့နော်၊

နန်း ... နန်းလေ ... အမောင့်ကို

အသက်ထက်မက သိပ်ချစ်မြတ်နိုးပါတယ်

အမောင်ရယ်"

ငွေနန်းစံက နှုတ်က ရေရွတ်ရင်း ဝမ်းပန်းတစ်နည်း ရှိုက်ငိုမိတယ်။

သူမဟာ တင်ထားတဲ့ မောင်းတံကို ဆွဲဖြုတ်ချလိုက်တယ်။

ကျောက်တံခါးကြီး တအိအိနဲ့ ပြန်ပိတ်ချိန်မှာတော့

သူမဟာ ဘာမှမတွေးတော့ဘဲ မြေကျင်းကြီးထဲ ခုန်ပစ်လိုက်တော့တယ်။

"နန်း ... နန်း ဒီလိုမလုပ်ရဘူး၊

ဟင့်အင်း ... နန်း မသေရဘူး၊

နန်း ... နန်းရေ"

နေမွန်တစ်ယောက် ထိုသို့အော်ဟစ်ရင်း ငေါက်ခနဲ ထထိုင်လိုက်တယ်။

သူ့တစ်ကိုယ်လုံး ချွေးတွေရွှဲနစ်နေသလို ပါးပြင်မှာ မျက်ရည်စတွေနဲ့။

"ငါ ... ငါ ... ဘာဖြစ်ပြန်ပြီလဲ၊

ငါ့မျက်နှာမှာ မျက်ရည်တွေ၊

ငါ့ရဲ့စိတ်ထဲမှာလည်း

အရမ်းဝမ်းနည်းကြေကွဲသလိုကြီး

ခံစားနေရတယ်၊

ငါ ... ငါ ... အိပ်မက်မက်နေတာ၊

ဒါ ... ဒါဆို ... အတိတ်ဘဝက

ငွေနန်းစံဟာ ငါသေရတဲ့အတွက်

ငါနဲ့အတူ လိုက်သေခဲ့တာပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



ဟား ... ဘာတွေလဲကွာ၊

ဘာတွေ ဖြစ်ကုန်ပြီလဲ၊

အတိတ်ဘဝက ဘာပဲဖြစ်ဖြစ်

လက်ရှိမှာ ငါ စိတ်ဝင်စားတာက

ရွှေကြာမှုံပဲ၊ ငါ ... ငါ ...

မှုံ့ကို လုံးဝအဆုံးရှုံးမခံနိုင်ဘူး၊

အရင်ဘဝကိစ္စတွေ ငါမသိဘူး၊

ခုချိန် ... ငါသိတာ ရွှေကြာမှုံကို

ချစ်ရေဆိုဖို့ပဲ၊

လုံးဝအခိပ္ပာယ်မရှိဘူးကွာ ... တောက်”

နေမွန်က ထိုသို့မချိတင်ကဲ ရေရွတ်ရင်း အိပ်ရာပေါ်

ပြန်လှဲချလိုက်တယ်။

ထိုအချိန်မှာပဲ ...

“ခွမ်း” ... ခနဲ အသံကြီးကို နားနဲ့ ဆတ်ဆတ်ကြားလိုက်

ရတယ်။



အခန်းပြင်ကို ထွက်ပြီးကြည့်လိုက်တဲ့အခါ ...

“ဟာ ... ပန်းကန်ထဲမှာ

မှောက်ထားတဲ့ ပန်းကန်က

ဘာလို့ နံရံမှာ အက်ကွဲရာနဲ့၊

အောက်မှာ ကွဲကြေနေရသလဲ၊

ဒါဟာ ... တစ်ယောက်ယောက်က

ပန်းကန်နဲ့ နံရံကို ပစ်ပေါက်လိုက်ပုံပဲ၊

ဟူး ... ဘာတွေလဲကွာ၊

စိတ်ပျက်ဖို့ သိပ်ကောင်းတယ်”

နေမွန်က အိပ်ခန်းထဲ ပြန်ဝင်ပြီး အိပ်ဆေးသောက်ပစ်လိုက်တယ်။

ဒီတော့မှ ... သူဟာ တဖြည်းဖြည်း ဘာမှမတွေးမိဘဲ နှစ်ခြိုက်စွာ အိပ်မောကျသွားရှာတယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၅)

## ဒေါက်...ဒေါက်...ဒေါက်

ဒေါက် ... ဒေါက် ... ဒေါက် ... ဒေါက်

အဆက်မပြတ်ကြားရတဲ့ တံခါးခေါက်သံကြောင့် နေမွန်တစ်ယောက် အိပ်ရာက လန့်နိုးသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘယ်သူလဲကွာ၊
တစ်ညလုံး အိပ်မက်ဆိုးမက်လို့
အိပ်မရပါဘူးဆိုမှ ... ဒီလောက်
ခေါက်နေပုံအရဆိုရင် ရပ်ကွက်လူကြီးတွေလား၊
ဘယ်အရေးကြီးပုဂ္ဂိုလ်လည်းမသိဘူး၊
သွားဖွင့်ပေးမှ ဖြစ်လိမ့်မယ်ကွာ"

နေမွန်က ခြေလှမ်းကျဲကြီးနဲ့ လျှောက်သွားပြီး တံခါးဖွင့်ပေးလိုက်တယ်။

မြင်လိုက်ရတာက အသက်ခုနစ်ဆယ်အရွယ်ရှိ အဘွားအိုတစ်ဦး။ အဘွားအိုက လွန်စွာမောပန်းနေဟန်နဲ့ ရင်ဘတ်ကို လက်နဲ့ဖိထားတယ်။

"အဘွားက ဒီအောက်ခန်းကပါကွယ်၊
ဒီကိုတက်လာရင်း နှလုံးအောင့်လာလို့၊
လူလေး ... ရေလေးတစ်ခွက်လောက်
တိုက်ပါလားဟင်"



"ဟုတ်ကဲ့ ရပါတယ် အဘွား၊
အထဲဝင်ထိုင်ပြီး ခဏနားလိုက်ပါဗျ၊
လာပါ ခင်ဗျ"

နေမွန်ရဲ့ဖိတ်ခေါ်မှုကြောင့် အဘွားအိုက ခေါင်းညိတ်ရင်း အိမ်ထဲဝင်ထိုင်တယ်။

"ရေအေးလေး သောက်ပါဦးဗျ"

အဘွားအိုက ရေကိုမော့သောက်လိုက်ပြီး ...

"ငါ့သားလေး ကျန်းမာချမ်းသာပါစေကွယ်၊
ဒါနဲ့ သားက ဒီကိုပြောင်းလာတာ
ကြာပြီလားကွဲ့"

"မကြာသေးပါဘူး အဘွားရဲ့၊
အဘွားရဲ့အခန်းက အမြဲတံခါးပိတ်ထားလို့
လူမနေဘူးလို့ ထင်နေတာဗျ"

နေမွန်ရဲ့စကားကြောင့် အဘွားအိုက မျက်နှာပျက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



"သားပြောတာ မှန်ပါတယ်၊

အဘွားက ဒီမှာမနေဘူးကွဲ့၊

ကြာကြာနေမှ တစ်ခါလောက်ပဲလာပြီး

သန့်ရှင်းရေးလုပ်တာပါကွယ်"

"ဩော် ... ဒီလိုလား၊

အဘွားတစ်ယောက်တည်း

သန့်ရှင်းရေးလုပ်တာ ပင်ပန်းမှာပဲ၊

ကျွန်တော် ဝိုင်းကူပေးပါ့မယ်၊

လာပါ အဘွား"

"အေးကွယ် ... ကျေးဇူးပါပဲ သားရယ်၊

ငါ့သားက သိပ်ပြီး စိတ်ဓာတ်ကောင်းတာပဲ၊

ဘုန်းကြီးပါစေကွယ်"

နေမွန်နဲ့ အဘွားအိုဟာ တစ်ဖက်ခန်းကို ကူးဖို့ ထွက်လာကြတယ်။ မဖွင့်တာကြာပြီဖြစ်တဲ့ ဘာဂျာတံခါးက အရမ်းကျပ်နေတယ်။



နေမွန်က သူ့အခန်းက အင်္ဂျင်ဝိုင်ယူပြီး ထည့်လိုက်မှ တံခါးဖွင့်လို့ရတယ်။

ထိုအခန်းထဲ ခြေချလိုက်မိရုံနဲ့ နေမွန့်တစ်ကိုယ်လုံး ကြက်သီးရှိန်းရှိန်း ထသွားရတယ်။

အခန်းထဲရှိ အသုံးအဆောင်ပစ္စည်းအားလုံး အဝတ်စတွေနဲ့ ဖုံးအုပ်ထားသလို၊ တစ်ခန်းလုံး ဖုန်အလိမ်းလိမ်း တက်နေတယ်။

နေမွန်က ဆက်တီမှာ အုပ်ထားတဲ့ ပိတ်စတွေကို အရင်ဆုံး ဖုန်ခါလိုက်တယ်။

"အဘွား ... ဒီမှာပဲ ထိုင်နေပါ၊

ကျွန်တော်ပဲ သန့်ရှင်းရေး လုပ်ပေးမယ်နော်"

ထိုသို့ပြောရင်း တံမြက်စည်းနဲ့ တစ်ခန်းလုံး လှည်းကျင်းလိုက်တယ်။

ပြီးတော့ ရေစိုဝတ်ပါတဲ့ တွန်းတံနဲ့ ကြမ်းပြင်တွေကို တိုက်ချွတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



တွန်းတံနဲ့ တိုက်နေရင်းက သူ့မျက်လုံးအကြည့်က ဘုရားစင်အောက်ရှိ စင်သေးသေးလေးကို သတိပြုမိသွားတယ်။

ဓာတ်ပုံသုံးပုံနဲ့အတူ အမွေးတိုင်စိုက်တဲ့ ခွက်ကြီးပါ တွေ့ရတယ်။

ဓာတ်ပုံတွေရဲ့ အစွန်ဆုံးပုံကို ကြည့်မိတဲ့အခါ နေမွန်ဟာ အသက်ရှုရပ်မတတ် အံ့အားသင့်သွားမိတယ်။

"ဟင် ... သူ ... သူက ...

ငါ အိပ်မက်ထဲကရော၊

ငါ့ကို အမြဲခြောက်လှန့်နေတဲ့

ဝိညာဉ်မလေးပါလား၊

ဟာ ... တိုက်ဆိုင်လိုက်တာ"

နေမွန်က အဘွားအိုရှိရာ လျှောက်သွားတယ်။

"အဘွား ... ဟိုဓာတ်ပုံထဲက

ဘယ်သူတွေလဲဟင်၊ သိခွင့်ရှိရင်

ကျွန်တော့်ကို ပြောပြပါလား"



သူ့အမေကြောင့် အဘွားအိုရဲ့ မျက်လုံးတွေ ရီဝေသွားတယ်။ အဘွားအိုက သက်ပြင်းသဲ့သဲ့ရှိုက်ရင်း ...

"ဓာတ်ပုံတွေရဲ့ ဘယ်ဘက်အစွန်ကပုံဟာ

အဘွားရဲ့သားကြီးပုံပါ၊

အလယ်ကတော့ သားကြီးရဲ့ဇနီး

အဘွားရဲ့ချွေးမပုံပေါ့ကွယ်၊

ညာဘက်အစွန်ပုံကတော့ ...

အဘွားသိပ်ချစ်တဲ့ မြေးမလေးရဲ့ပုံပါပဲကွယ်၊

တကယ်တော့ ...

သူတို့မိသားစုဟာ သိပ်ကိုဆိုးဝါးလွန်းတဲ့

အဖြစ်ဆိုးကြီးနဲ့ ကြုံခဲ့ရတယ်ကွဲ့၊

အဲဒီအချိန်တုန်းက အဘွားဆိုရင်

သားကြီးတို့စိတ်နဲ့ပဲ အိပ်ရာထဲလဲပြီး

လပေါင်းမြောက်များစွာ ဆေးရုံမှာ

နေခဲ့ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောတဲ့အခါ နေမွန်က စိတ်ဝင်တစားဟန်နဲ့ —

“သူတို့မိသားစုက ဘယ်လိုအဖြစ်ဆိုး

ကြုံခဲ့တာလည်း အဘွား၊

ပြောပြလို့ရမလားဟင်”

အဘွားအိုက ဓာတ်ပုံတွေကို ငေးကြည့်ရင်း မျက်ရည်

ဝဲလာတယ်။

“ရပါတယ် သားရယ်၊

အဘွားလည်း ရင်ထဲပေါ့သွားအောင်

ဒီအကြောင်းတွေကို တစ်ယောက်ယောက်ကို

ပြောပြချင်နေတာပါ၊

အဖြစ်ပျက်က ဒီလိုကွဲ့”

□□□

# အပိုင်း (၁၆)

www.burmeseclassic.com

www.burmeseclassic.com

"လွန်ခဲ့တဲ့ သုံးနှစ်လောက်ကပေါ့ကွယ်၊

အဘွားတို့က မန္တလေးမြို့မှာ နေကြတယ်ကွဲ့၊

သားကြီးတို့မိသားစုကတော့ ဒီတိုက်ခန်းမှာ

နေခဲ့ကြတယ်၊ တစ်ရက်မှာ ...



သားကြီးတို့လင်မယားဟာ မန္တလေးကို

လာဖို့အတွက် အိတ်စပက်ကားနဲ့

လိုက်ခဲ့ကြတယ်၊ မြေးမလေးကတော့

သင်တန်းဖျက်မရလို့ ဒီအခန်းမှာ

တစ်ယောက်တည်း ကျန်ရစ်ခဲ့ရှာတယ်၊

သားကြီးတို့ လိုက်ပါတဲ့ကားဟာ

လမ်းခုလတ်မှာ ဘရိတ်ပေါက်ပြီး

ယာဉ်တိမ်းမှောက်မှု ဖြစ်သွားခဲ့တယ်၊

ယာဉ်မှောက်ချိန်မှာ အရှိန်ပြင်းတဲ့အတွက်

ဆီတိုင်ကီပေါက်ပြီး မီးလောင်ပေါက်ကွဲမှုပါ

ဖြစ်ခဲ့ရှာတယ်၊ အဲဒီမှာပဲ ...

သားကြီးနဲ့ချွေးမဟာ မီးလောင်တဲ့အထဲ

ပါသွားရှာတယ်ကွဲ့၊ မြေးမလေးက

သူ့မိဘတွေကို သိပ်ချစ်ရှာတယ်၊

မိဘတွေရဲ့ အဖြစ်ဆိုးကြီးကို ကြားတဲ့အခါ

www.burmeseclassic.com

www.burmeseclassic.com







ဟောဒီတိုက်ခန်းထဲမှာ သူ့ကိုယ်သူ
အဆုံးစီရင်ခဲ့ရှာတယ်၊ အဘွားက
ဒီသတင်းဆိုးတွေ ကြားတဲ့အတွက်
ချက်ချင်း ရန်ကုန်ဆင်းလာပြီး
ဒီရောက်တော့ အခန်းတံခါး
သော့ခတ်ထားတာပဲ တွေ့လိုက်ရတယ်၊
သားကြီးတို့ပေးထားတဲ့ အိမ်သော့အပိုနဲ့
တံခါးဖွင့်ဝင်တော့မှ သေဆုံးနေတဲ့
မြေးမလေးရဲ့အလောင်းကို တွေ့ခဲ့ရတယ်ကွဲ့၊
မြေးမလေးဟာ လက်ကောက်ဝတ်နေရာကို
ဓားနဲ့လှီးဖြတ်ပြီး သေကြောင်းကြံစည်ခဲ့တယ်၊
ဒီအဖြစ်အပျက်တွေဟာ သိပ်ကို
ရင်နာဖို့ကောင်းသလို၊ တအားကြေကွဲဖို့
ကောင်းပါတယ် သားလေးရယ်၊
ဒီအဖြစ်တွေရဲ့နောက်ဆက်တွဲဖြစ်ရပ်က
အလှူအတန်းတွေ၊ ဒါနကောင်းမှုတွေ
အမျိုးမျိုး ပြုပေးပေမယ့် မြေးမလေးရဲ့
ဝိညာဉ်ဟာ ဒီအခန်းကနေ လုံးဝ
ကျွတ်လွတ်မှုမရှိခဲ့ဘူးကွဲ့၊
အစက ဒီအခန်းကို ရောင်းချဖို့
ကြိုးစားသလို၊ လူငှားတင်ဖို့လည်း
ကြိုးစားခဲ့တယ်၊ ဒါပေမဲ့ ... ဘယ်လိုလုပ်လုပ်
ပွဲပျက်ခဲ့တဲ့အတွက် အဘွားလည်း
လက်လျှော့ပြီး ဒီအတိုင်း
အခန်းပိတ်ထားခဲ့တာပါကွယ်"

အဘွားအိုရဲ့ရှင်းပြမှုကြောင့် နေမွန်ဟာ ဝိညာဉ်မလေး ွေနန်းစံရဲ့အကြောင်းအားလုံးကို ဆက်စပ်ပြီး တွေးမိသွား တယ်။

"ကြားရတာ စိတ်မကောင်းလိုက်တာ
အဘွားရယ်၊ ဒါနဲ့ ... အဘွားရဲ့မြေးမလေးရဲ့

www.burmeseclassic.com

www.burmeseclassic.com



နာမည်က ဘယ်လိုခေါ်လဲဟင်”

“သူ့ကို အဘွားကိုယ်တိုင် ပေးထားတဲ့

နာမည်ကွဲ့၊ ငွေနန်းစံလို့ ခေါ်တယ်

နန်းလေး ကျွတ်လွတ်အောင်

အဘွားဖြင့် ဘယ်လိုလုပ်ပေးရမှန်း

မသိပါဘူးကွယ်”

“ဗျာ ... ငွေနန်းစံ ဟုတ်လား အဘွား၊

ဒါ ... ဒါဆို သူက အတိတ်ဘဝက

နာမည်ပဲ၊ ဒီဘဝမှာ ပေးခဲ့တာပေါ့”

နေမွန်ရဲ့အထိတ်တလန့်နဲ့ ရေရွတ်သံကြောင့် အဘွားအို

မျက်မှောင်ကြုတ်သွားတယ်။

“ဘယ်လို ... အတိတ်ဘဝ

ဟုတ်လား သား၊ သူ့ကို အဘွားပေးခဲ့တဲ့

နာမည်က သူမွေးတဲ့ညမှာပဲ

အိပ်မက်ထဲမှာ ကြားခဲ့ရတဲ့ နာမည်ကို



ပေးခဲ့တာကွဲ့”

“အဘွားကို ကျွန်တော် ရှင်းပြပါ့မယ်၊

ကျွန်တော်လည်း ဒီကိုရောက်တည်းက

ငွေနန်းစံရဲ့ခြောက်လှန့်မှုတွေကြောင့်

မရှုးရုံတမယ် ဖြစ်ခဲ့ရပါတယ်၊

နောက်ပိုင်း ကျွန်တော် အိပ်မက်တွေ

မက်လာတယ်”

နေမွန်က ထိုသို့အစချီရင်း ငွေနန်းစံနဲ့ပတ်သက်တဲ့

အကြောင်းတွေကို ပြောပြလိုက်တယ်။

အစအဆုံး အဘွားအို ကြားသိသွားတဲ့အခါ အဘွားအိုရဲ့

မျက်လုံးတွေ အရောင်တောက်သွားရှာတယ်။

“ဒီအတိုင်းဆို မြေးမလေး ငွေနန်းစံ

ကျွတ်လွတ်ဖို့က သားမောင်နေမွန်နဲ့

အမိက သက်ဆိုင်နေပြီကွဲ့၊

သားလေးပေးမယ့် အမျှကောင်းမှုကိုပဲ

www.burmeseclassic.com

www.burmeseclassic.com



သူ လက်ခံလိမ့်မယ်ကွဲ့၊
ဝမ်းသာလိုက်တာ သားရယ်၊
မြေးမလေးအတွက် အဘွားကို
ကူညီပါဦးနော်”
“ရပါတယ် အဘွားရယ်၊
လူပဲဖြစ်ဖြစ်၊ ဝိညာဉ်ပဲဖြစ်ဖြစ်၊
ကျွန်တော် လုပ်ပေးနိုင်တဲ့ အရာအားလုံး
လုပ်ပေးဖို့ အသင့်ပါပဲ၊
အဘွားဖြစ်စေချင်တဲ့အတိုင်း ကူညီပါ့မယ်”

❒❒❒

# အပိုင်း (၁၇)

www.burmeseclassic.com

www.burmeseclassic.com

ဆိတ်ငြိမ်အေးချမ်းတဲ့ တရားစခန်းဝင်းရဲ့ တစ်နေရာရှိ ညောင်ပင်ကြီးအောက်မှာ စုံတွဲတစ်တွဲ ထိုင်နေကြ တယ်။

"အဖြစ်အပျက်ကတော့ ဒါပါပဲ မှုံ၊



ကိုယ်တို့ ငွေနန်းစံရဲ့ဝိညာဉ်

ကျွတ်လွတ်အောင် ကူညီပေးရလိမ့်မယ်"

နေမွန်ရဲ့အပြောကို ရှေ့ကြာမှုံက ...

"အတိတ်ဘဝမှာ အစ်ကိုက

ငွေနန်းစံရဲ့အဖေလက်ချက်ကြောင့်

သေဆုံးရတယ်၊ ငွေနန်းစံက ...

အစ်ကို့ကို ချစ်ခင်စိတ်နဲ့

အစ်ကို့အလောင်းရှိတဲ့ မြေကျင်းထဲ

ခုန်ချပြီး သူ့ကိုယ်သူ အဆုံးစီရင်ခဲ့တယ်၊

ဒါ့ကြောင့်ပဲ ဒီဘဝမှာလည်း

မိဘတွေရဲ့အဖြစ်ဆိုးကြောင့်

သူ့ကိုယ်သူ အဆုံးစီရင်ခဲ့ပြန်တယ်၊

သူ့ရဲ့အဖြစ်က ရင့်နင့်ဖွယ်ကောင်းသလို

သိပ်သနားဖို့ကောင်းတာပဲ အစ်ကိုရယ်၊

အစ်ကိုတို့အကြောင်းတွေ သိရတော့

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဘဝ၊ နောက်ဘဝဆိုတာကို

ပိုပြီး ယုံကြည်သက်ဝင်မိတယ်၊

ငွေနန်းစံအတွက် မှူ

ရင်ထဲမကောင်းလိုက်တာ အစ်ကိုရယ်"

နေမွန်က ရွှေကြာမှူရဲ့လက်ကလေးကို လှမ်းကိုင်ရင်း ပြုံးလိုက်မိတယ်။

"သားမောင်နေမွန် ... ဆရာတော်ဘုရား

ကြွလာပြီကွဲ့၊ တရားဆောင်ထဲ

လာကြတော့နော်"

အဘွားအိုရဲ့ အသံပြုမှုကြောင့် နှစ်ယောက်သား ထိုင်ရာက ထပြီး လျှောက်ခဲ့ကြတော့တယ်။

ဆရာတော်ကြီးရဲ့အဆောင်ထဲမှာတော့ သင်္ဃန်းပရိက္ခရာ အစုံနဲ့ အဘွားအိုက အသင့်စောင့်နေတယ်။

လူစုံတဲ့အခါ ဆရာတော်ကြီးက ဘုရားကန်တော့ရှိခိုးတိုင်ပေးပြီး ရေစက်ချအမျှဝေဖို့ ပြောတယ်။



နေမွန်က ရေစက်ခွက်ကိုကိုင်ရင်း ငွေနန်းစံကို အာရုံပြုသိစူးပြီး သူကိုယ်တိုင် အမျှဝေပေးတယ်။

အမျှဝေပြီးချိန်မှာတော့ အရောင်သွေးလှပတဲ့ လိပ်ပြာလေးတစ်ကောင်ဟာ နေမွန်ရဲ့ပခုံးပေါ် လာနားနေတယ်။

အဘွားအိုနဲ့အတူ အားလုံး ထိုအဖြစ်ကို သတိပြုမိသွားတယ်။

နေမွန်က လိပ်ပြာလေးကို ခေါင်းငဲ့ကြည့်ရင်း ...

"ငွေနန်းစံရယ် ဖြစ်လေရာဘဝ

အဖြစ်ဆိုးတွေ မကြုံရဖို့

ကိုယ် ဆုတောင်းပေးပါတယ်၊

ငွေနန်းစံရဲ့ဝိညာဉ် ...

အေးချမ်းတဲ့ ဘုံဘဝရောက်ဖို့

ကိုယ် ဆုတောင်းလိုက်ပါတယ်"

လိပ်ပြာလေးဟာ တောင်ပံကို သုံးချက်လှုပ်ခပ်ရင်းလေးကို ပျံသန်းသွားတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဘွားအို၊ နေမွန်နဲ့ ရွှေကြာမှုံတို့ဟာ လိပ်ပြာလေးထို ငေးကြည့်ရင်း ကျေနပ်စွာ ပြုံးလိုက်ကြတယ်။

သူတို့ရဲ့မျက်လုံးအိမ်မှာတော့ မျက်ရည်စတွေ စို့ယို့လေ။

❒❒❒

“ကွန်ဒိုမှာခြောက်တဲ့သရဲ”

မအိုစာ

www.burmeseclassic.com